ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်

**ပထမအကြိမ် အမျိုးသားလွှတ်တော် (၁၂)ကြိမ်မြောက် ပုံမှန်အစည်းအဝေး**

(၃၁)ရက်မြောက်နေ့မှတ်တမ်း

**၁၃၇၆ ခုနှစ်၊ တန်ခူးလဆန်း ၁ ရက်**

**( ၂၀၁၅ ခုနှစ်၊ မတ်လ ၂၀ ရက် )**

**[သောကြာနေ့]**

**အချိန်၊ ၁၄း၀၀။**

နေပြည်တော်ရှိ အမျိုးသားလွှတ်တော် အစည်းအဝေးခန်းမတွင် ပထမအကြိမ် အမျိုးသားလွှတ်တော် (၁၂)ကြိမ်မြောက် ပုံမှန်အစည်းအဝေး (၃၁)ရက်မြောက်နေ့ အစီအစဉ်ကို နံနက် ၁၄း၀၀ နာရီအချိန်၌ စတင်ကျင်းပပါသည်။

[အမျိုးသားလွှတ်တော် ဥက္ကဋ္ဌအဖြစ် ဦးခင်အောင်မြင့် က ဆောင်ရွက်ပြီး၊ အခမ်းအနားမှူးအဖြစ် ဦးကြည်မင်း၊ ညွှန်ကြားရေးမှူးချုပ် အမျိုးသားလွှတ်တော်ရုံးက ဆောင်ရွက်ပါသည်။]

**အမျိုးသားလွှတ်တော် ဥက္ကဋ္ဌ နေရာယူခြင်း**

**အချိန်၊ ၁၄း၀၀။**

**အခမ်းအနားမှူး**။ ။ အမျိုးသားလွှတ်တော်ကိုယ်စားလှယ်များခင်ဗျား။ ယခုအချိန်ကစပြီး ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် ပထမအကြိမ် အမျိုးသားလွှတ်တော် (၁၂)ကြိမ်မြောက် ပုံမှန်အစည်းအဝေးရဲ့ (၃၁)ရက်မြောက်နေ့ အစီအစဉ် စတင်ပါတော့မယ်ခင်ဗျား။

အမျိုးသားလွှတ်တော် ဥက္ကဋ္ဌ ကြွရောက်လာပါပြီခင်ဗျား။

[အမျိုးသားလွှတ်တော် ဥက္ကဋ္ဌ သည် ဥက္ကဋ္ဌ အတွက် သတ်မှတ်ထားသည့် စင်မြင့်ပေါ်သို့ ကြွရောက်နေရာယူပါသည်။]

**အခမ်းအနားမှူး**။ ။ အားလုံးထိုင်နိုင်ကြပါပြီခင်ဗျား။

**အမျိုးသားလွှတ်တော် အစည်းအဝေး အထမြောက်ကြောင်းနှင့် စတင်ကျင်းပကြောင်း ကြေညာခြင်း**

**အချိန်၊ ၁၄း၀၇။**

**ဥက္ကဋ္ဌ**။ ။ အမျိုးသားလွှတ်တော် ကိုယ်စားလှယ်များ ခင်ဗျား။ ဒီကနေ့ ကျင်းပတဲ့ ပထမအကြိမ် အမျိုးသားလွှတ်တော် (၁၂)ကြိမ်မြောက် ပုံမှန်အစည်းအဝေး (၃၁)ရက်မြောက်နေ့မှာ လွှတ်တော်အခွင့်အရေးကော်မတီရဲ့ တင်ပြချက်အရအစည်းအဝေးသို့ တက်ရောက်ခွင့်ရှိတဲ့ ကိုယ်စားလှယ်ဦးရေ စုစုပေါင်း(၂၁၅)ဦးရှိပြီး ဒီကနေ့ အစည်းအဝေးကို (၁၄၆)ဦး တက်ရောက်ပါတယ်။

အစည်းအဝေးသို့ တက်ရောက်ခွင့်ရှိတဲ့ အမျိုးသားလွှတ်တော် ကိုယ်စားလှယ်ဦးရေ စုစုပေါင်း၏ (၆၇.၉၁) ရာခိုင်နှုန်းရှိပြီး တက်ရောက်တဲ့ ကိုယ်စားလှယ်ဦးရေဟာ အစည်းအဝေး အထမြောက်ရန် လိုအပ်တဲ့ ကိုယ်စားလှယ်ဦးရေ သုံးပုံတစ်ပုံထက် ကျော်လွန်တဲ့အတွက် အမျိုးသားလွှတ်တော်ဆိုင်ရာ ဥပဒေပုဒ်မ ၄၂ နဲ့ နည်းဥပဒေ ၂၀၊ နည်းဥပဒေခွဲ(ခ)တို့အရ အစည်းအဝေး အထမြောက်ကြောင်းနဲ့ အမျိုးသားလွှတ်တော်ဆိုင်ရာ နည်းဥပဒေ ၂၁၊ နည်းဥပဒေခွဲ(က)နဲ့(ဂ)တို့အရ အစည်းအဝေး စတင်ကျင်းပကြောင်း ကြေညာပါတယ်။ (သြဘာသံများ)

## အစည်းအဝေး အစီအစဉ် ဖြန့်ဝေထားကြောင်း တင်ပြခြင်း

**အချိန်၊ ၁၄း၀၈။**

**ဥက္ကဋ္ဌ။** ။ အမျိုးသားလွှတ်တော်ကိုယ်စားလှယ်များခင်ဗျား။ အမျိုးသားလွှတ်တော်ဆိုင်ရာ နည်းဥပဒေ ၄၊ နည်းဥပဒေခွဲ(ခ)အရ ပထမအကြိမ် အမျိုးသားလွှတ်တော် (၁၂)ကြိမ်မြောက် ပုံမှန်အစည်းအဝေးရဲ့ (၃၁)ရက်မြောက်နေ့ အစီအစဉ်ကို အမျိုးသားလွှတ်တော် ကိုယ်စားလှယ်များထံ ကြိုတင်ဖြန့်ဝေထားပြီး ဖြစ်ပါတယ်။

## အမျိုးသားလွှတ်တော် ကိုယ်စားလှယ်များ ခွင့်ပန်ကြားခြင်း

**အချိန်၊ ၁၄း၀၉။**

**ဥက္ကဋ္ဌ။** ။ ဒီကနေ့ ခွင့်ပန်ကြားတဲ့ လွှတ်တော်ကိုယ်စားလှယ်များ စာရင်းကို ဖတ်ကြားတင်ပြပါမယ်။

ဦးဇုန်လှယ်ထန်း၊ ချင်း(၂)၊ ကိုယ်တိုင်ဆောင်ရွက်ရန်။ ဦးဉာဏ်လင်း၊ ဧရာဝတီ(၃)၊ ကိုယ်တိုင်ဆောင်ရွက်ရန်။ ဦးညွန့်လှိုင်၊ ဧရာဝတီ(၄)၊ ကိုယ်တိုင်ဆောင်ရွက်ရန်။ ဦးကံညွန့်၊ စစ်ကိုင်း(၅)၊ ကိုယ်တိုင်ဆောင်ရွက်ရန်။ ဒေါက်တာဝင်းမြင့်အောင်၊ စစ်ကိုင်း(၄)၊ လူမှုရေးကိစ္စ။ ဦးစောတော်ပလဲ၊ ကရင်(၇)၊ ကိုယ်တိုင်ဆောင်ရွက်ရန်။ ဦးရှုမောင်၊ ရှမ်း(၈)၊ ၂၀၁၅ ကမ္ဘာ့ရေနေ့ အခမ်းအနားတက်ရောက်ရန်။ ဦးသိန်းလှိုင်၊ စစ်ကိုင်း(၈)၊ အလုပ်ရုံဆွေးနွေးပွဲတက်ရန်။ ဦးဆိုင်ပေါင်းနပ်၊ ရှမ်း(၁၂)၊ ကိုယ်တိုင်ဆောင်ရွက်ရန်။ ဦးဌေးယိန်း၊ ချင်း(၁၁)၊ ကိုယ်ရေးကိုယ်တာ။ ဦးစိုးအောင်၊ မန္တလေး(၁၁)၊ ကိုယ်တိုင်ဆောင်ရွက်ရန်။ ဦးဆွေအောင်၊ ရန်ကုန်(၁၂)၊ ဒေသဖွံ့ဖြိုးရေး။ ဦးတင်ယု၊ ရန်ကုန်(၁၁)၊ ဒေသဖွံ့ဖြိုးရေး။ ဦးဝင်းနောင်၊ ရန်ကုန်(၅)၊ ကိုယ်တိုင်ဆောင်ရွက်ရန်။ ဒေါက်တာခင်ရွှေ၊ ရန်ကုန်(၉)၊ ဒေသဖွံ့ဖြိုးရေး။ ဦးစိုင်းသန့်ဇင်၊ ရှမ်း(၄)၊ ကိုယ်တိုင်ဆောင်ရွက်ရန်။ ဦးကျားမောင်၊ တနင်္သာရီ(၈)၊ ကိုယ်တိုင်ဆောင်ရွက်ရန်။ ဦးအောင်ထွန်း၊ မကွေး(၁၁)၊ မိခင်နာရေးတစ်နှစ်ပြည့်။ ဦးထွန်းမြင့်၊ စစ်ကိုင်း(၆)၊ ကိုယ်တိုင်ဆောင်ရွက်ရန်။ ဦးထွန်းဇော်(ခေါ်)ကိုပေါက်၊ ပဲခူး(၁၂)၊ ကိုယ်တိုင်ဆောင်ရွက်ရန်။ ဦးမောင်စိန်၊ တနင်္သာရီ(၅)၊ ကိုယ်တိုင်ဆောင်ရွက်ရန်။ ဦးတင်မောင်မြင့်၊ တနင်္သာရီ(၃)၊ ကိုယ်တိုင်ဆောင်ရွက်ရန်။ ဦးအုန်းတင်၊ ရခိုင်(၁၀)၊ ကိုယ်တိုင်ဆောင်ရွက်ရန်။ ဦးစိုင်းသာစိန်၊ ကယား(၁၀)၊ ကိုယ်တိုင်ဆောင်ရွက်ရန်။ ဦးဆားရယ်၊ ကယား(၅)၊ ကိုယ်တိုင်ဆောင်ရွက်ရန်။ ဦးစိုင်းဝင်းမောင်၊ ရှမ်း(၅)၊ ကိုယ်တိုင်ဆောင်ရွက်ရန်။ ဦးဝီလ်ဆင်မိုး၊ ရှမ်း(၇)၊ ကိုယ်တိုင်ဆောင်ရွက်ရန်။ ဦးလှမောင်၊ ကယား(၁၁)၊ ကမ္ဘာ့ရေနေ့အခမ်းအနားတက်ရန်။ ဦးစိုးမြင့်၊ မကွေး(၆)၊ ကိုယ်တိုင်ဆောင်ရွက်ရန်။ ဦးမင်းဦး၊ ပဲခူး(၇)၊ ကိုယ်တိုင်ဆောင်ရွက်ရန်။ ဦးပေါ်လျှံလွင်၊ ချင်း(၉)၊

ကျန်းမာရေး။ ဦးဖိုးဇော်၊ ပဲခူး(၂)၊ ကိုယ်တိုင်ဆောင်ရွက်ရန်။ ဦးဘရန်ရှောင်၊ ကချင်(၃)၊ ကိုယ်တိုင်ဆောင်ရွက်ရန် ဖြစ်ပါတယ်။

ယခု တင်ပြခဲ့တဲ့ ခွင့်ပန်ကြားချက်များကို ခွင့်ပြုဖို့ လွှတ်တော်က သဘောတူပါသလား ခင်ဗျား။

[သုံးကြိမ်တိုင်တိုင် မေးမြန်းပါသည်။ လွှတ်တော်က သဘောတူပါသည်။]

သဘောတူတဲ့အတွက် ခွင့်ပန်ကြားချက်များကို လွှတ်တော်ကခွင့်ပြုကြောင်း ကြေညာပါတယ်။

## အမျိုးသားလွှတ်တော် ကိုယ်စားလှယ်များ အစည်းအဝေး တက်ရောက်မှု အခြေအနေကို မှတ်တမ်းတင်ခြင်း

**အချိန်၊ ၁၄း၁၀။**

**ဥက္ကဋ္ဌ**။ ။ အမျိုးသားလွှတ်တော် ကိုယ်စားလှယ်များခင်ဗျား။ ဒီကနေ့ ပထမအကြိမ် အမျိုးသားလွှတ်တော် (၁၂)ကြိမ်မြောက် ပုံမှန်အစည်းအဝေး (၃၁)ရက်မြောက်နေ့ကို တက်ရောက်ခွင့်ရှိတဲ့ အမျိုးသားလွှတ်တော်ကိုယ်စားလှယ်ဦးရေမှာ(၂၁၅)ဦး၊ ယခင်က ခွင့်ပန်ကြားသဖြင့် ခွင့်ပြုထားသူ (၃၆)ဦး၊ ယနေ့ ခွင့်ပန်ကြားသဖြင့် ခွင့်ပြုထားသူ (၃၃)ဦးဖြစ်၍ အမျိုးသားလွှတ်တော်က စုစုပေါင်း ခွင့်ပြုထားသူ(၆၉)ဦး ဖြစ်ပြီး ခွင့်မဲ့ပျက်ကွက်သူ မရှိပါ။

အမျိုးသားလွှတ်တော်ဆိုင်ရာ နည်းဥပဒေ ၄၊ နည်းဥပဒေခွဲ(ဂ)၊ နည်းဥပဒေခွဲငယ်(၂)အရ ယခု လွှတ်တော်ကိုယ်စားလှယ်များ အစည်းအဝေးတက်ရောက်မှု အခြေအနေတင်ပြချက်ကို လွှတ်တော်ရဲ့ အတည်ပြုချက် ရယူပါမယ်။

အမျိုးသားလွှတ်တော် ကိုယ်စားလှယ်များ အစည်းအဝေး တက်ရောက်မှု အခြေအနေ တင်ပြချက်ကို လွှတ်တော်က အတည်ပြုပါသလား ခင်ဗျား။

[သုံးကြိမ်တိုင်တိုင် မေးမြန်းပါသည်။ လွှတ်တော်က အတည်ပြုပါသည်။]

**ဥက္ကဋ္ဌ**။ ။ လွှတ်တော်က အတည်ပြုတဲ့အတွက် အမျိုးသားလွှတ်တော် ကိုယ်စားလှယ်များ အစည်းအဝေးတက်ရောက်မှု အခြေအနေကို အမျိုးသားလွှတ်တော်က အတည်ပြု မှတ်တမ်းတင်ကြောင်း ကြေညာပါတယ်။

## ပညာရေးဝန်ကြီးဌာန၊ ပြည်ထောင်စုဝန်ကြီး က အမျိုးသားပညာရေး ဥပဒေကို ပြင်ဆင်သည့် ဥပဒေကြမ်း အား အမျိုးသားလွှတ်တော်က ဆွေးနွေးစဉ်းစားရန် အဆိုတင်သွင်းခြင်းနှင့် လွှတ်တော်ကိုယ်စားလှယ်တစ်ဦးက ထောက်ခံခြင်း

**အချိန်၊ ၁၄း၁၂။**

**ဥက္ကဋ္ဌ**။ ။ အစီအစဉ် (၅)ဖြစ်ပါတယ်။ အမျိုးသားလွှတ်တော်ကိုယ်စားလှယ်များ ခင်ဗျား။ ယခု အမျိုးသား လွှတ်တော်ဆိုင်ရာ နည်းဥပဒေ ၁၅၄၊ နည်းဥပဒေခွဲ(က)အရ အမျိုးသားပညာရေး ဥပဒေကို ပြင်ဆင် သည့် ဥပဒေကြမ်းအား အမျိုးသားလွှတ်တော်က ဆွေးနွေး စဉ်းစားရန် အဆိုကို ပညာရေးဝန်ကြီးဌာန၊ ပြည်ထောင်စုဝန်ကြီးက အမျိုးသားလွှတ်တော်သို့ တင်သွင်းဖို့ ဖြစ်ပါတယ်။

**အချိန်၊ ၁၄း၁၂။**

**ဒေါက်တာဒေါ်ခင်စန်းရီ (ပြည်ထောင်စုဝန်ကြီး၊ ပညာရေးဝန်ကြီးဌာန)။** ။ လေးစားအပ်ပါသော အမျိုးသားလွှတ်တော်ဥက္ကဋ္ဌကြီးနှင့် လွှတ်တော်ကိုယ်စားလှယ်ကြီးများ အားလုံး မင်္ဂလာပါရှင်။ ကျွန်မကတော့ ပညာရေးဝန်ကြီးဌာန၊ ပြည်ထောင်စုဝန်ကြီး ဒေါက်တာဒေါ်ခင်စန်းရီ ဖြစ်ပါတယ်။ လွှတ်တော်ဥက္ကဋ္ဌကြီးရှင်။ အမျိုးသားပညာရေးဥပဒေကို ပြည်ထောင်စုလွှတ်တော်က ၂၀၁၄ ခုနှစ်၊ စက်တင်ဘာလ ၃၀ ရက်နေ့မှာ ၂၀၁၄ ခုနှစ်၊ ပြည်ထောင်စုလွှတ်တော် ဥပဒေအမှတ် (၄၁) ဖြင့် အတည်ပြု ပြဋ္ဌာန်းခဲ့ပါတယ်။ သို့ရာတွင် အမျိုးသားပညာရေးဥပဒေကို ပြင်ဆင်ပေးဖို့ တောင်းဆို တင်ပြချက်များ ရှိလာတဲ့အတွက် အမျိုးသားပညာရေးဥပဒေကို ပြင်ဆင်သည့် ဥပဒေကြမ်းအား အမျိုးသားလွှတ်တော်က ဆွေးနွေးစဉ်းစားပေးနိုင်ပါရန် အဆိုတင်သွင်းအပ်ပါတယ်ရှင်။

**အချိန်၊ ၁၄း၁၃။**

**ဥက္ကဋ္ဌ။** ။ အဆိုကို ထောက်ခံမယ့် လွှတ်တော်ကိုယ်စားလှယ်ကို ဖိတ်ခေါ်ပါတယ်။

**အချိန်၊ ၁၄း၁၃။**

**ဦးနု၊ ရန်ကုန်တိုင်းဒေသကြီး၊ မဲဆန္ဒနယ်(၁၀)။** ။ လေးစားအပ်ပါသော အမျိုးသားလွှတ်တော် ဥက္ကဋ္ဌကြီးခင်ဗျား။ ပညာရေးဝန်ကြီးဌာန၊ ပြည်ထောင်စုဝန်ကြီးက အမျိုးသားပညာရေးဥပဒေကို ပြင်ဆင်သည့် ဥပဒေကြမ်းအား အမျိုးသားလွှတ်တော်က ဆွေးနွေးစဉ်းစားရန် အဆိုတင်သွင်းခြင်းကို ကျွန်တော် ရန်ကုန်တိုင်းဒေသကြီး မဲဆန္ဒနယ်အမှတ်(၁၀)မှ အမျိုးသားလွှတ်တော် ကိုယ်စားလှယ် ဦးနု က ထောက်ခံအပ်ပါတယ် ခင်ဗျား။

**အချိန်၊ ၁၄း၁၃။**

**ဥက္ကဋ္ဌ။** ။ အမျိုးသားလွှတ်တော်ကိုယ်စားလှယ်များ ခင်ဗျား။ အမျိုးသားပညာရေးဥပဒေကို ပြင်ဆင်သည့် ဥပဒေကြမ်းအား လွှတ်တော်ကိုယ်စားလှယ်များထံ ကြိုတင်ဖြန့်ဝေထားပြီး ဖြစ်ပါတယ်။

## အမျိုးသားလွှတ်တော်ဥက္ကဋ္ဌက အမျိုးသားပညာရေး ဥပဒေကို ပြင်ဆင်သည့် ဥပဒေကြမ်းအား လက်ခံဆွေးနွေးစဉ်းစားရန် သင့်/မသင့် အမျိုးသားလွှတ်တော်၏ အဆုံးအဖြတ် ရယူခြင်း

**အချိန်၊ ၁၄း၁၃။**

**ဥက္ကဋ္ဌ။** ။ အမျိုးသားပညာရေး ဥပဒေကို ပြင်ဆင်သည့် ဥပဒေကြမ်းအား အမျိုးသားလွှတ်တော်က ဆွေးနွေးစဉ်းစားရန် သင့်/မသင့် လွှတ်တော်ရဲ့ သဘောထား ရယူမှာ ဖြစ်ပါတယ်။

အမျိုးသားပညာရေး ဥပဒေကို ပြင်ဆင်သည့် ဥပဒေကြမ်းအား ဆွေးနွေးစဉ်းစားရန် လွှတ်တော် က သဘောတူပါသလား ခင်ဗျား။

[သုံးကြိမ်တိုင်တိုင် မေးမြန်းပါသည်။ လွှတ်တော်က သဘောတူပါသည်။]

သဘောမတူတဲ့သူ ရှိပါသလား ခင်ဗျား။

မတူဘူးဆိုရပြီ။ မဲခွဲပေးမယ်။

သဘောမတူတဲ့သူရှိတဲ့အတွက် အမျိုးသားပညာရေးဥပဒေကို ပြင်ဆင်သည့် ဥပဒေကြမ်းအား လွှတ်တော်မှာ လက်ခံဆွေးနွေးစဉ်းစားရန် သင့်/မသင့် အဆိုကို မဲခွဲဆုံးဖြတ်မှာ ဖြစ်ပါတယ်။

ဒါကြောင့် လက်ခံဆွေးနွေးရန်သင့်ကြောင်း ထောက်ခံတဲ့ပုဂ္ဂိုလ်များ မိမိတို့နေရာမှာ မတ်တပ်ရပ်ပြဖို့ ဖြစ်ပါတယ်။

အဆိုကို ထောက်ခံတဲ့ ပုဂ္ဂိုလ် (၁၄၂)ဦး ရှိပါတယ်။

အဆိုဖြစ်တဲ့အတွက် (၄၀)ဦးထက် ကျော်လွန်တာကြောင့် အမျိုးသားပညာရေးဥပဒေကို ပြင်ဆင်သည့် ဥပဒေကြမ်းအား အမျိုးသားလွှတ်တော်က ဆွေးနွေးစဉ်းစားရန် ဖြစ်ကြောင်း ကြေညာပါတယ်။ (သြဘာသံများ)

**အမျိုးသားလွှတ်တော် ဥပဒေကြမ်းကော်မတီ ဥက္ကဋ္ဌ သို့မဟုတ် ယင်းက တာဝန်ပေးအပ်သည့် ပုဂ္ဂိုလ်က အမျိုးသားပညာရေးဥပဒေကို ပြင်ဆင်သည့် ဥပဒေကြမ်းနှင့်စပ်လျဉ်း၍ ဥပဒေကြမ်းကော်မတီ၏ အစီရင်ခံစာကို ဖတ်ကြားတင်သွင်းခြင်း**

**အချိန်၊ ၁၄း၁၆။**

**ဥက္ကဋ္ဌ။** ။ အမျိုးသားလွှတ်တော်ကိုယ်စားလှယ်များ ခင်ဗျား။ အမျိုးသားပညာရေး ဥပဒေကို ပြင်ဆင်သည့် ဥပဒေကြမ်း နှင့် စပ်လျဉ်း၍ ဥပဒေကြမ်းကော်မတီ၏ အစီရင်ခံစာကို ကော်မတီ က ဖတ်ကြားတင်သွင်းဖို့ ဖြစ်ပါတယ်။

**အချိန်၊ ၁၄း၁၆။**

**ဒေါက်တာမြတ်ဉာဏစိုး (အတွင်းရေးမှူး၊ ဥပဒေကြမ်းကော်မတီ)။** ။ လေးစားရပါသော အမျိုးသားလွှတ်တော်ဥက္ကဋ္ဌကြီးနဲ့ ယနေ့ အစည်းအဝေးသို့ကြွရောက်လာတဲ့ ပြည်ထောင်စု ပညာရေး ဝန်ကြီး၊ ကော်မရှင်အဖွဲ့ဝင် ပညာရှင်ကြီးများနဲ့ အမျိုးသားလွှတ်တော်ကိုယ်စားလှယ်တော်ကြီးများ အားလုံးကို မင်္ဂလာပါလို့ ဦးစွာ နှုတ်ခွန်းဆက်သအပ်ပါတယ်။ အမျိုးသားပညာရေးဥပဒေကို ပြင်ဆင်တဲ့ ဥပဒေကြမ်းအပေါ်မှာ အမျိုးသားလွှတ်တော်ဥပဒေကြမ်းကော်မတီရဲ့ စိစစ်တင်ပြခြင်း အစီရင်ခံစာရဲ့ ပထမပိုင်းအဖြစ် အမျိုးသားလွှတ်တော်၊ ဥပဒေကြမ်းကော်မတီ အတွင်းရေးမှူး ကျွန်တော် ဒေါက်တာ မြတ်ဉာဏစိုး ကနေပြီးတော့ တင်သွင်းသွားမှာ ဖြစ်ပါတယ်ခင်ဗျား။

ပြည်ထောင်စုလွှတ်တော်က အမျိုးသားပညာရေးဥပဒေကို ပြည်ထောင်စုလွှတ်တော် ဥပဒေ အမှတ် ၄၁/၂၀၁၄ နဲ့ ကျွန်တော်တို့ ၂၀၁၄ ရက်နေ့၊ စက်တင်ဘာလ(၃၀)ရက်နေ့မှာ ပြဋ္ဌာန်းပေးခဲ့ပြီး ဖြစ်ပါတယ်။ သို့ရာတွင် ယင်းဥပဒေကို ပြင်ဆင်ပေးရန်အတွက် ဒီမိုကရေစီပညာရေး လှုပ်ရှားမှု ဦးဆောင် ကော်မတီ အဖွဲ့ဝင်ကျောင်းသားများကနေပြီး တောင်းဆိုပြီးတဲ့နောက်မှာ (၄)ပွင့်ဆိုင် အစည်းအဝေး သဘောတူညီချက်အရ အမျိုးသားပညာရေးဥပဒေကို ပြင်ဆင်တဲ့ ဥပဒေကြမ်းအား အစိုးရအဖွဲ့ရဲ့ သဘောတူညီချက်ဖြင့် ပညာရေးဝန်ကြီးဌာနက ၁၇-၂-၂၀၁၅ ရက်နေ့မှာ ပြည်ထောင်စု လွှတ်တော်သို့ တင်သွင်းလာပါတယ်။ ဒီ ပြင်ဆင်တဲ့ ဥပဒေကြမ်းကို အမျိုးသားလွှတ်တော်မှာ စတင်ဆွေးနွေးနိုင်ဖို့ ပြည်ထောင်စု လွှတ်တော်က ပေးပို့ခဲ့ရာမှာ ၂၀-၂-၂၀၁၅ ရက်နေ့ (သောကြာနေ့)မှာမှ လက်ခံရရှိခဲ့

ပါသည်။ အဆိုပါ ဥပဒေကြမ်းကို လွှတ်တော်မှာ ဆွေးနွေးနိုင်ရန် အမျိုးသားလွှတ်တော် ဥက္ကဋ္ဌက ယင်းဥပဒေကြမ်းကို ဦးစားပေးလုပ်ငန်းတစ်ရပ်အနေဖြင့် ဆောင်ရွက်သွားရန် ဥပဒေကြမ်းကော်မတီနဲ့ အမျိုးသားလွှတ်တော်မှာ ဖွဲ့စည်းထားတဲ့ နိုင်ငံရေး၊ စီးပွားရေးနှင့် ဥပဒေရေးရာ ကော်မရှင်အဖွဲ့ဝင်များကို အဲဒီ ၂၀- ၂ -၂၀၁၅ ရက်နေ့ (သောကြာနေ့)မှာပဲ လမ်းညွှန်မှုပြုခဲ့ပါတယ်။

အမျိုးသားလွှတ်တော်သည် အမျိုးသားလွှတ်တော်ဆိုင်ရာ ဥပဒေ၊ နည်းဥပဒေ၊ လုပ်ထုံး လုပ်နည်းများနဲ့အညီ ဆောင်ရွက်ရန်အတွက် အမျိုးသားလွှတ်တော်ရဲ့ ကြေညာချက်အမှတ် (၁/၂၀၁၅) ကို ၂၀၁၅ ခုနှစ် ဖေဖော်ဝါရီလ (၂၄)ရက်နေ့မှာ ထုတ်ပြန်ကြေညာခဲ့ပါတယ်။

လွှတ်တော်မှာ ကြားနာမှု အစီအစဥ် မစတင်မီမှာ ၂၀၁၅ ခုနှစ်၊ ဖေဖော်ဝါရီလ (၂၅) ရက် နေ့မှာ မြန်မာနိုင်ငံတစ်ဝန်းလုံးမှာရှိတဲ့ ပြည်သူတစ်ရပ်လုံးက လွှတ်တော်များ၏ ဥပဒေပြုမှု အဆင့်ဆင့် တို့ကို သိရှိနားလည်နိုင်စေရန်အတွက် အမျိုးသားလွှတ်တော် ဥပဒေကြမ်းကော်မတီဥက္ကဋ္ဌနှင့် အတွင်းရေးမှူး တို့က သတင်းမီဒီယာများနှင့် တွေ့ဆုံရှင်းလင်းခြင်း အစီအစဥ်ကို တိုက်ရိုက်ထုတ်လွှင့် ပြသခဲ့ပါတယ်။

အမျိုးသားလွှတ်တော်၏ကြေညာချက်နှင့်အညီ မတ်လ (၅)ရက်နေ့မှာ ဒီမိုကရေစီပညာ ရေး လှုပ်ရှားမှုဦးဆောင်ကော်မတီဝင်(၂၀)ဦး၊ မတ်လ (၆)ရက်နေ့မှာတော့ တက်ရောက်ဆွေးနွေးလို သော နိုင်ငံရေးပါတီများက ဥက္ကဋ္ဌ၊ အတွင်းရေးမှူး (သို့မဟုတ်) မူဝါဒပိုင်းဆိုင်ရာ ဆွေးနွေးနိုင်တဲ့ ကိုယ်စားလှယ် (၂၀)ဦး၊ မတ်လ(၇)ရက်နေ့မှာ အမျိုးသားပညာရေးပြုပြင်ပြောင်းလဲမှုကွန်ရက် (NNER)မှ ကိုယ်စားလှယ် (၂၀)ဦး၊ မတ်လ(၈)ရက်နေ့မှာတော့ တက်ရောက်ဆွေးနွေးလိုသော နိုင်ငံရေးပါတီများမှ ဥက္ကဋ္ဌ၊ အတွင်းရေးမှူး (သို့မဟုတ်) မူဝါဒပိုင်းဆိုင်ရာ ဆွေးနွေးနိုင်သည့် ကိုယ်စားလှယ်(၂၀) ဦး၊ မတ်လ ၁၁ ရက်နေ့မှာတော့ ကျောင်းသားလှုပ်ရှားမှု စစ်ကြောင်းများကို အားပေးထောက်ခံခဲ့တဲ့ ပြည်သူ(၂၀)ဦး၊ မတ်လ ၁၃ ရက်နေ့မှာတော့ တက်ရောက်ဆွေးနွေးလိုသော နိုင်ငံရေးပါတီများက ဥက္ကဋ္ဌ၊ အတွင်းရေးမှူး (သို့မဟုတ်) မူဝါဒပိုင်းဆိုင်ရာ ဆွေးနွေးနိုင်တဲ့ ကိုယ်စားလှယ် (၂၀)ဦး၊ မတ်လ (၁၄)ရက်နေ့မှာ တရားဝင် မှတ်ပုံတင်ထားတဲ့ အရပ်ဘက် အဖွဲ့အစည်းများမှ အကြံပြုဆွေးနွေးလိုသူ ကိုယ်စားလှယ်(၂၀)ဦး၊ နောက်ဆုံးရက်ဖြစ်တဲ့ မတ်လ(၁၅)ရက်နေ့မှာတော့ အမျိုးသားပညာရေး ဥပဒေကိုပြင်ဆင်တဲ့ ဥပဒေကြမ်း အပေါ် အကြံပြုစာပေးပို့လာတဲ့ သူတွေအနက်ကမှ ကိုယ်စားလှယ်(၂၀)ဦး တို့ကို ကြားနာဖို့ အဖွဲ့အားဖြင့် (၆)ဖွဲ့ ရက်အားဖြင့်(၈)ရက် သတ်မှတ်ခဲ့ကြောင်း နိုင်ငံပိုင်သတင်းစာများမှာ ထုတ်ပြန်ကြေညာခဲ့ပါတယ်။

ဒီနေရာမှာ တင်ပြလိုတာကတော့ ဒီလိုထုတ်ပြန် ကြေညာတဲ့နေရာမှာ မည်သည့်ပါတီ၊ ပုဂ္ဂိုလ်၊ အဖွဲ့အစည်းကိုမှ သီးခြားဖိတ်ကြားခြင်း မပြုခဲ့ပါဘူး။ ဆက်သွယ် အကြောင်းကြားနိုင်ဖို့ တယ်လီဖုန်း နံပါတ်တွေကို ဖော်ပြကြေညာခဲ့ရာမှာ ဒီကြားနာမှု အစီအစဥ်မှာ ပါဝင်အကြံပြုလိုတဲ့ ပါတီ၊ ပုဂ္ဂိုလ်၊ အဖွဲ့အစည်းတွေက အမျိုးသားလွှတ်တော်ကို ဆက်သွယ်အကြောင်းကြားလာခဲ့ပါတယ်။

ပထမဦးဆုံး အနေနဲ့ မတ်လ (၅)ရက်နေ့မှာ ပထမဦးဆုံး နေ့ရက်ဖြစ်တဲ့ ကြားနာမှု အစီအစဥ်မှာ ဒီမိုကရေစီပညာရေးလှုပ်ရှားမှု ဦးဆောင်ကော်မတီဝင်(၂၀)ဦးကို ဖိတ်ကြားခဲ့ပေမယ့် ကျောင်းသား ကိုယ်စားလှယ်(၉)ဦးသာ တက်ရောက်ခဲ့ပြီးတော့ လက်ပံတန်း ကျောင်းသားသပိတ်ကိစ္စများ ရှိနေတဲ့ အတွက်ကြောင့်မို့လို့ မဆွေးနွေးနိုင်ပါသေးကြောင်းနဲ့ နောက်တစ်ကြိမ် လွှတ်တော်မှ ခွင့်ပြုပါက ကြားနာမှုကို ပြန်လည်တက်ရောက်လိုပါတယ်လို့ တင်ပြသွားခဲ့ပါတယ်။ ဒုတိယနေ့ (၆)ရက်နေ့မှာ နံနက်

၁၀း၀၀ နာရီအချိန်မှာ ကျင်းပတဲ့ အစည်းအဝေးကိုတော့ မြို့တိုင်းရင်းသားဖွံ့ဖြိုးရေးပါတီ၊ အမျိုးသား ဒီမိုကရေစီအင်အားစုပါတီ၊ မြန်မာ့လူ့ဘောင်သစ်ဒီမိုကရက်တစ်ပါတီ၊ မြန်မာနိုင်ငံ တောင်သူလယ်သမား၊ အလုပ်သမားပြည်သူ့ပါတီ၊ ကယန်းအမျိုးသားပါတီ၊ ကရင်ပြည်သူ့ပါတီ၊ ဖက်ဒရယ် ပြည်ထောင်စုပါတီ၊ ရခိုင်အမျိုးသားပါတီ၊ လူ့ဘောင်သစ်ဒီမိုကရက်တစ်ပါတီ၊ မတူကွဲပြားခြင်းနှင့် ငြိမ်းချမ်းရေးပါတီ၊ ရှမ်းတိုင်း ရင်းသားများ ဒီမိုကရေစီအဖွဲ့ချုပ်ပါတီ၊ ကရင်အမျိုးသားပါတီ၊ ကရင် ပြည်နယ်ဒီမိုကရေစီနှင့် ဖွံ့ဖြိုးတိုးတက်ရေးပါတီ၊ (၈၈)မျိုးဆက် ကျောင်းသားလူငယ်များ (ပြည်ထောင်စုမြန်မာနိုင်ငံ) ပါတီ၊ ပြည်ထောင်စုမြန်မာနိုင်ငံ အမျိုးသားနိုင်ငံရေး အဖွဲ့ချုပ်ပါတီတို့က ကိုယ်စားလှယ် (၁၅) ဦးတက်ရောက် ပြီးတော့ ဆွေးနွေးခဲ့ပါတယ်။

မတ်လ(၇)ရက်နေ့မှာ ကျင်းပမယ့် တတိယနေ့ အစည်းအဝေး အစီအစဉ်ကိုတော့ ဒီမိုကရေစီ ပြုပြင်ပြောင်းလဲရေး နိုင်ငံလုံးဆိုင်ရာကွန်ရက်(NNER)မှ ကိုယ်စားလှယ်တွေဟာ တက်ရောက်ဖို့ ကတိကဝတ်ပြုခဲ့ပေမယ့်လည်း တက်ရောက်ခြင်းမရှိဘဲ ကြားနာမှု အစီအစဉ်ကို တစ်ဖက်သတ် ရွှေ့ဆိုင်းကြောင်း လွှတ်တော်သို့ အကြောင်းကြားခဲ့ပါတယ်။ လွှတ်တော်အနေဖြင့် ကတိကဝတ်အတိုင်း အမျိုးသားလွှတ်တော် ဥပဒေကြမ်းကော်မတီနဲ့ နိုင်ငံရေး၊ စီးပွားရေးနဲ့ ဥပဒေရေးရာကော်မရှင် အဖွဲ့ဝင်များက သတင်းမီဒီယာများနှင့်အတူ အစည်းအဝေးခန်းမမှာ နံနက် ၁၁ နာရီအချိန်အထိ ကျွန် တော်တို့ စောင့်ဆိုင်းခဲ့ပါတယ်။

မတ်လ (၈)ရက်နေ့မှာ ကျင်းပတဲ့ အစီအစဉ်ကိုတော့ ကိုးကန့် ဒီမိုကရေစီနှင့် ညီညွတ်ရေး ပါတီ၊ ကယားလူမျိုးစု ဒီမိုကရေစီပါတီ၊ ရခိုင်ပြည်နယ် အမျိုးသားအင်အားစုပါတီ၊ အမျိုးသားနိုင်ငံရေး မဟာမိတ်များ အဖွဲ့ချုပ်ပါတီ၊ ဒီမိုကရေစီနှင့် ငြိမ်းချမ်းရေးပါတီ၊ ဒီမိုကရက်တစ်ပါတီ(မြန်မာ)၊ ချင်း ဒီမိုကရေစီအဖွဲ့ချုပ်ပါတီ၊ ညီညွတ်သော ဒီမိုကရက်တစ်ပါတီတို့မှ ကိုယ်စားလှယ်(၈)ဦး တက်ရောက် ပြီးတော့ ဆွေးနွေးခဲ့ပါတယ်။

(၁၁) ရက်နေ့မှာ ကျင်းပတဲ့ ကျောင်းသားလှုပ်ရှားမှု ထောက်ခံအားပေးသူများ ပြည်သူများ ကဏ္ဍမှ ကျွန်တော်တို့ကို အမည်စာရင်းပေးထားတဲ့ ပုဂ္ဂိုလ်(၆)ဦးအနက်ကမှ ပုဂ္ဂိုလ်(၄)ဦး လာရောက် ဆွေးနွေးခဲ့ပါသည်။ (၁၃)ရက်နေ့မှာတော့ တိုင်းရင်းသားလူမျိုးစုများ ဖွံ့ဖြိုးရေးပါတီ၊ “ဝ” ဒီမိုကရက်တစ် ပါတီ၊ ခေတ်သစ်ပြည်သူ့ပါတီ၊ ဗမာပြည်သူ့ပါတီ၊ မြန်မာနိုင်ငံတောင်သူလယ်သမား ဖွံ့ဖြိုးတိုးတက်ရေး ပါတီ၊ တိုင်းရင်းသား စည်းလုံးညီညွတ်ရေးပါတီ၊ ကမန်အမျိုးသားတိုးတက်ရေးပါတီ၊ အမျိုးသား ညီညွတ်ရေးကွန်ဂရက်ပါတီ၊ အမျိုးသားတိုးတက်မြင့်မားရေးပါတီ၊ မွန်ဒေသလုံးဆိုင်ရာ ဒီမိုကရေစီ ပါတီ၊ ဖလုံ-စဝေါ်ဒီမို ကရက်တစ်ပါတီတို့မှ ကိုယ်စားလှယ်(၁၁)ဦး လာရောက်ဆွေးနွေးခဲ့ပါတယ်။ စုစုပေါင်း နိုင်ငံရေးပါတီအနေနဲ့ (၃၄)ပါတီမှ ပါတီခေါင်းဆောင်တွေနဲ့ ပြောရေးဆိုခွင့်ရှိသူ (၃၄)ဦး တက်ရောက်ခဲ့ ကြပါသည်။ ကျွန်တော်တို့ ပြည်ထောင်စုရွေးကောက်ပွဲ ကော်မရှင်မှာ မှတ်ပုံတင်ထားတဲ့ ပါတီ (၇၁)ပါတီ ရှိတဲ့အတွက်ကြောင့်မို့လို့ (၅၀)ရာခိုင်နှုန်း ဒါ တက်ရောက်ခဲ့တာကို တင်ပြလိုပါတယ်။

(၁၄)ရက်နေ့မှာတော့ တရားဝင် မှတ်ပုံတင်ထားတဲ့ အရပ်ဘက် လူမှုအဖွဲ့အစည်းတွေကနေ ပြီးတော့ အကြံပြု ဆွေးနွေးလိုတဲ့ ပုဂ္ဂိုလ်(၄)ဦး လာရောက်ဆွေးနွေးခဲ့ပါတယ်။ (၁၅) ရက်နေ့မှာတော့ အမျိုးသားပညာရေးဥပဒေကို ပြင်ဆင်သည့် ဥပဒေကြမ်းအပေါ်မှာ အကြံပြုစာပေးပို့ထားတဲ့ ပြည်သူတွေအနက်က ပုဂ္ဂိုလ် ၊ ပြည်သူ(၁၅)ဦး လာရောက်ပြီးတော့ ဆွေးနွေးခဲ့ပါတယ်။ ဒီမိုကရေစီ

ပညာရေးလှုပ်ရှားမှု ဦးဆောင်ကော်မတီမှ ကျောင်းသား ကိုယ်စားလှယ်တွေကို အထူးဦးစားပေးတဲ့ အနေနဲ့ လွှတ်တော်၏ ထပ်မံခွင့်ပြုချက်အရ ကျွန်တော်တို့ (၁၆)ရက်နေ့မှာ ဒီမိုကရေစီပညာရေးလှုပ်ရှားမှု ဦးဆောင်ကော်မတီဝင် ကျောင်းသားကိုယ်စားလှယ်(၉)ဦးက ထပ်မံပြီးတော့၊ လာရောက်ပြီးတော့ ဆွေးနွေးအကြံပြုပါတယ်။ အဲဒီနေ့ရက်မှာတော့ ကော်မတီ ၊ ကော်မရှင်အနေနဲ့ သာမန်ကြားနာခြင်း ပုံစံမျိုးမဟုတ်ဘဲ ကျောင်းသားကိုယ်စားလှယ်တွေ ရှင်းလင်းပြတ်သားစွာ သုံးသပ်ဝေဖန် နိုင်ရန်အတွက် ဥပဒေပုဒ်မ တစ်ခုချင်းအလိုက် ရှင်းပြခြင်း၊ မေးမြန်းချက်များကို ရှင်းလင်းဖြေကြားခြင်း၊ ဆွေးနွေးချက်များကို ဥပဒေရှုထောင့်ကနေပြီးတော့ ချိန်ထိုးသုံးသပ် အကြံပြုခြင်းတို့ကို ဆောင်ရွက်ပေးခဲ့ပြီးတော့ ည(၇)နာရီခွဲတဲ့ အချိန်အထိ အချိန်ယူပြီးတော့ ဆွေးနွေးခဲ့ပါတယ်။

အလားတူပါပဲ၊ လွှတ်တော်ရဲ့ ထပ်မံခွင့်ပြုချက်အရ (၁၇)ရက်နေ့မှာတော့ ပညာရေးစနစ် ပြုပြင်ပြောင်းလဲရေးနိုင်ငံလုံးဆိုင်ရာကွန်ရက် NNER မှ ကိုယ်စားလှယ် (၂၀)ဦးဟာ အမျိုးသားလွှတ်တော်ရဲ့ ကြားနာမှုအစီအစဉ်ကို ပြန်လည်တက်ရောက်ပြီးတော့ ဆွေးနွေးခဲ့ပါတယ်။ အမျိုးသားပညာရေး ဥပဒေကို ပြင်ဆင်တဲ့ဥပဒေကြမ်းနဲ့ စပ်လျဉ်းတဲ့ကြားနာတဲ့အစီအစဉ်မှာ အမျိုးသားလွှတ်တော် ဥပဒေကြမ်း ကော်မတီဥက္ကဋ္ဌ ဦးခင်မောင်ရီ ၊ အတွင်းရေးမှူး ဒေါက်တာမြတ်ဉာဏစိုး နဲ့ အဖွဲ့ဝင်များ၊ အမျိုးသား လွှတ်တော် နိုင်ငံရေး၊ စီးပွားရေးနဲ့ ဥပဒေရေးရာကော်မရှင် ဥက္ကဋ္ဌ ဦးမြင့်သိန်း နဲ့ အဖွဲ့ဝင်များ၊ နေ့စဉ် မပျက်မကွက် တက်ရောက်ကြားနာခဲ့ပါတယ်။ ဒီပညာရေး ပြင်ဆင်တဲ့ ဥပဒေကြမ်းအပေါ် ကြားနာမှု အစီအစဉ်ကျင်းပတဲ့ မတ်လ (၅)ရက်နေ့ကနေပြီးတော့ မတ်လ (၁၇)ရက်အထိ ဆွေးနွေးချက်တွေ အပေါ်မှာ မီဒီယာတွေရဲ့ မေးမြန်းချက်တွေကို ဥပဒေကြမ်းကော်မတီဥက္ကဋ္ဌ၊ အတွင်းရေးမှူးနဲ့ အဖွဲ့ဝင်များ၊ နိုင်ငံရေး၊ စီးပွားရေးနဲ့ ဥပဒေရေးရာကော်မရှင် ဥက္ကဋ္ဌနဲ့ အဖွဲ့ဝင်များက ပြန်လည်ရှင်းလင်းဖြေကြားခဲ့ပါတယ်။

ဒီ့အပြင် ကြားနာမှုအစီအစဉ်မှာ ပြောကြားတဲ့ဆွေးနွေးချက်တွေကို ပြည်သူတွေချက်ချင်းသိရှိနိုင်ဖို့အတွက် SKYNET ရုပ်မြင်သံကြားကနေလည်း ရိုက်ကူးထုတ်လွှင့်ပေးခဲ့ပါတယ်။ ကြားနာမှု အစီအစဉ် တွေကိုလည်း အမျိုးသားလွှတ်တော်ကိုယ်စားလှယ်ကြီးများ ဝေဖန်ပိုင်းခြားသုံးသပ် အကြံပြု ဆွေးနွေးနိုင်ဖို့အတွက် အမျိုးသားလွှတ်တော်အစည်းအဝေးခန်းမကြီးမှာ အစည်းအဝေးပြီးဆုံးချိန်များမှာ ကျွန်တော်တို့ ပရိုဂျက်တာနဲ့ ဒီပရိုဂျက်တာကြီးတွေအပေါ်မှာ ကျွန်တော်တို့ ပြသခဲ့ပါတယ်။ တင်ပြခဲ့တဲ့ ကြားနာမှုအစီအစဉ်များကို တက်ရောက်အကြံပေး ဆွေးနွေးတဲ့အဖွဲ့အစည်းများ၊ ပုဂ္ဂိုလ်များဖြင့် အခြား ပြည်သူတွေက စာအားဖြင့်လည်းကောင်း၊ Fax၊ E-mail တို့ဖြင့် လည်းကောင်း၊ ပေးပို့တဲ့အကြံပြုစာ စုစုပေါင်း(၃၈၇၉)စောင်ကို လက်ခံရရှိခဲ့ပါတယ်။

ဒီအကြံပြုချက်တွေအပေါ်မှာလည်း အမျိုးသားလွှတ်တော် ဥပဒေကြမ်းကော်မတီအနေနဲ့ အလေးအနက်ထား ထည့်သွင်းစဉ်းစား သုံးသပ်ခဲ့ပါတယ်။ ဒီကြားနာမှုအစီအစဉ်တွေမှာ တင်ပြခဲ့တဲ့ ဆွေးနွေး အကြံပြုချက်များ၊ အမျိုးသားလွှတ်တော်ရုံးသို့ သီးခြားပေးပို့လာတဲ့ အကြံပြုချက်များကို ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် ၂၀၀၈ ခုနှစ်ဖွဲ့စည်းပုံအခြေခံဥပဒေ၊ လွှတ်တော်ဆိုင်ရာ ဥပဒေနဲ့ နည်းဥပဒေတွေ၊ နောက်တစ်ခါ အခြားတည်ဆဲဥပဒေများနဲ့အညီ ထည့်သွင်းစဉ်းစား ဆွေးနွေးသုံးသပ်ခဲ့ပါတယ်။ အမျိုးသားလွှတ်တော်ဥပဒေကြမ်းကော်မတီနဲ့၊ အမျိုးသားလွှတ်တော် နိုင်ငံရေး၊ စီးပွားရေးနဲ့ ဥပဒေရေးရာကော်မရှင်အဖွဲ့ဝင်များဟာ မြန်မာနိုင်ငံသားအားလုံးအပေါ် ယဉ်ကျေးမှုစရိုက် လက္ခဏာနဲ့

တန်ဖိုးထားမှုများကို အခွင့်ရှည်အောင် ထိန်းသိမ်းနိုင်စွမ်းရှိစေမယ့် နိုင်ငံသူ၊ နိုင်ငံသား အားလုံး ပညာရေးမှာ တန်းတူရည်တူ တိုးတက်ခံစားရရှိနိုင်မယ့် အခွင့်အလမ်းပွင့်တဲ့ ပညာရေး စနစ်တစ်ခုကို ဦးတည်ပြီးတော့ ပြည်သူများအကျိုးဖြစ်ထွန်းစေခြင်းငှာ၊ ပြီးတဲ့အခါမှာလည်း ဥပဒေတစ်ရပ် ဟာပြုပြီးရင် အမှန်တကယ် လိုက်နာကျင့်သုံးနိုင်တဲ့ ဥပဒေတစ်ရပ် ဖြစ်ရန်အတွက်လည်း ဤအစီရင်ခံစာကို ပြုစုတင်ပြအပ်ပါကြောင်း ရှေးဦးပမာဏ လေးစားစွာ တင်ပြအပ်ပါတယ်။

ဥက္ကဋ္ဌကြီးခင်ဗျား။ လေ့လာတွေ့ရှိချက်များကို တင်ပြပါ့မယ်။ အမျိုးသားပညာရေးဥပဒေကို ပြင်ဆင်တဲ့ ဥပဒေကြမ်းနှင့် စပ်လျဉ်းပြီးတော့ အမျိုးသားလွှတ်တော် ဥပဒေကြမ်းကော်မတီဟာ ရှေးဦးက တင်ပြသွားတဲ့အတိုင်းပါပဲ ဒီမိုကရေစီပညာရေးလှုပ်ရှားမှု ဦးဆောင်ကော်မတီမှ ကိုယ်စားလှယ်များ၊ ပညာရေးပြုပြင်ပြောင်းလဲမှု နိုင်ငံလုံးဆိုင်ရာကွန်ရက် (NNER)မှ ကိုယ်စားလှယ်များ၊ နိုင်ငံရေးပါတီ အသီးသီးမှ ဥက္ကဋ္ဌ၊ အတွင်းရေးမှူး သို့မဟုတ် မူဝါဒပိုင်းဆိုင်ရာ ဆွေးနွေးနိုင်သည့် ကိုယ်စားလှယ်များ၊ ဒီမိုကရေစီ ပညာရေးစစ်ကြောင်းများကို အားပေးထောက်ခံကူညီခဲ့သည့် ပြည်သူ ကိုယ်စားလှယ်များ၊ မှတ်ပုံတင်ထားတဲ့ အရပ်ဘက် အဖွဲ့အစည်းများမှ အကြံပြုဆွေးနွေးလိုသူ ကိုယ်စားလှယ်များ၊ အမျိုးသား ပညာရေးဥပဒေကို ပြင်ဆင်တဲ့ ဥပဒေကြမ်းအပေါ် အကြံပြုစာပေးပို့လာသူ ကိုယ်စားလှယ်များ စတဲ့ အဖွဲ့(၆)ဖွဲ့ခဲ့ပြီးတော့ ကျွန်တော်တို့ ကမ်းလှမ်းထားတဲ့ ပုဂ္ဂိုလ်တွေနဲ့ တွေ့ဆုံ ဆွေးနွေးပြီးတော့ အကြံပြု ချက်တွေရယူပြီးတော့ အောက်ပါ ညှိနှိုင်းသဘော တူညီချက်တွေကို ရရှိခဲ့ပါတယ်။

အဓိကအားဖြင့်တော့ ကျွန်တော်တို့ ဥပဒေကြမ်းကော်မတီဟာ ဒီဥပဒေကြမ်းပြင်ဆင်ရေး ဖြစ်စဉ်ကြီး စတင်ပေါ်ပေါက်လာအောင် ကြိုးပမ်းဆောင်ရွက်ခဲ့တဲ့ ဒီမိုကရေစီပညာရေးလှုပ်ရှားမှု ဦးဆောင်ကော်မတီက ကျောင်းသားကိုယ်စားလှယ်တွေရဲ့ ဆွေးနွေးချက်တွေအပေါ်မှာ အခြေခံပြီးတော့ လေ့လာသုံးသပ်စိစစ်ခဲ့ခြင်းဖြစ်ကြောင်းကို ပမာဏ တင်ပြလိုပါတယ်။

ပထမဦးဆုံးတင်ပြလိုတဲ့ အချက်ကတော့ အမျိုးသားပညာရေးဥပဒေကို ပြင်ဆင်တဲ့ ဥပဒေကြမ်း အပိုဒ် ၁၊ အပိုဒ်ခွဲ(ခ)ကို ဒီမိုကရေစီပညာရေးလှုပ်ရှားမှု ဦးဆောင်ကော်မတီ၊ ချင်းဒီမိုကရေစီပါတီ၊ ရခိုင်သဟာရအသင်း၊ နောက်တစ်ခါ ကျွန်တော်တို့ အကြံပြုပြီးတော့ လာရောက်ဆွေးနွေးတဲ့ ဦးသိန်းလင်း တို့က မလိုအပ်၍ ပယ်ဖျက်သင့်ကြောင်း ဒါ ဆွေးနွေးသွားပါတယ်၊ အပိုဒ် ၂ (ဂ) ပယ်ဖျက်ထားခြင်း အပေါ်မှာလည်း ဒီမိုကရေစီပညာရေးလှုပ်ရှားမှု ဦးဆောင်ကော်မတီ၊ ကယားလူမျိုးစု ဒီမိုကရေစီပါတီနဲ့ ရခိုင်အမျိုးသားပါတီတို့က ပယ်ဖျက်ရန်တော့ မသင့်ဘူး။ ဒါပေမဲ့ အစားထိုးဖို့တော့ အဖွဲ့အစည်းတစ်ရပ် အနေနဲ့ Central Body ကြီးတစ်ခုကို အစားထိုးသင့်တယ်လို့ ဒီလို ဆွေးနွေးခဲ့ပါတယ်။

ဒါကြောင့်မို့လို့ ကော်မရှင် ဆိုသည်မှာ ဤဥပဒေပုဒ်မ ၅ အရ ဖွဲ့စည်းထားသည့် အမျိုးသား ပညာရေးမူဝါဒ ကော်မရှင်ကို ဆိုသည်လို့ ဒါ ဒီလို ပြင်ဆင်ခဲ့ပါတယ်။ ဒီနေရာမှာတင်ပြလိုတာကတော့ ကျွန်တော်တို့ ဆွေးနွေးခဲ့တဲ့ ပုဂ္ဂိုလ်တွေ၊ ပါတီတွေ အများကြီးပါပဲ၊ ကျွန်တော်တို့ ဒီနေရာမှာ ကြွင်းကျန် ရစ်ခဲ့တာတွေလည်း ရှိနိုင်ပါတယ်။ အချိန်ကို ငဲ့ညှာသောအားဖြင့် အချက်တစ်ချက်ချင်းစီအပေါ်မှာ ဒီထောက်ခံခဲ့တဲ့၊ ကန့်ကွက်ခဲ့တဲ့ နိုင်ငံရေးပါတီ၊ နောက်တစ်ခါ ဒီကျောင်းသားအဖွဲ့အစည်းများ၊ ဒါတွေ ကို ကျွန်တော်တို့ ဒီဥပမာအနေနဲ့သာ တင်ပြခြင်း ဖြစ်ကြောင်း လေးစားစွာတင်ပြအပ်ပါတယ်။

ဒုတိယတစ်ချက်ကတော့ အမျိုးသားပညာရေးဥပဒေကို ပြင်ဆင်တဲ့ ဥပဒေကြမ်း အပိုဒ် ၅မှာ ဖော်ပြထားတဲ့ စကားရပ်တွေအစား အဆင့်မြင့်ပညာရေးဆိုသည်မှာ အခြေခံပညာရေးရဲ့အမြင့်ဆုံး အဆင့်

သို့မဟုတ် ယင်းနဲ့ တူညီသောအဆင့် အောင်မြင်ပြီးသူများကို အမျိုးသားပညာရေးမူဝါဒ ကော်မရှင်က အသိအမှတ်ပြုထားတဲ့ ကျောင်းတစ်ခုခုမှ လေ့ကျင့်သင်ကြားပေးသော ပညာရေးကို ဆိုသည်လို့ ပြင်ဆင်ပြီးတော့ အပိုဒ် ၄ အဖြစ် အစားထိုးသင့်ကြောင်းကို ဒီမိုကရေစီပညာရေးလှုပ်ရှားမှု ဦးဆောင်ကော်မတီ၊ ချင်းဒီမိုကရေစီ ပါတီတို့ကနေပြီးတော့ ဒီလိုဆွေးနွေးခဲ့ပါတယ်။ အပိုဒ် ၆ တွင် ဖော်ပြထားတဲ့ စကားရပ်တွေအစားတော့ အထူးပညာရေး အစီအစဉ်ဆိုသည်မှာ မသန်စွမ်းသူများအတွက် အထူးအစီအစဉ်ဖြင့် သင်ကြားပေးနိုင်ရန် ကျောင်းများ တည်ထောင်ဖွင့်လှစ်၍ သင့်လျော်သော သင်ကြားနည်းစနစ်ဖြင့် ပညာသင်ကြားပေးခြင်းကို ဆိုသည်လို့ ပြင်ဆင်ဖို့ သဘောတူ ညီခဲ့ပါတယ်။ အပိုဒ် ၇ မှာ ဖော်ပြထားတဲ့ စကားရပ်တွေ အစားတော့ အမျိုးသား ပညာရေး ဥပဒေ ပုဒ်မ ၂၊ ပုဒ်မခွဲ(ယ)တွင်ပါရှိသော အကဲဖြတ်ဆောင်ရွက်ရန် ဖွဲ့စည်းထားသောဆိုတဲ့ စကားရပ်ကို အကဲဖြတ် ဆောင်ရွက်ရန် အမှီအခိုကင်းသည့် ပညာရှင်များ ပါဝင်၍ ဖွဲ့စည်းထားသောဆိုတဲ့ စကားရပ်နဲ့ အစားထိုး ပြင်ဆင်မယ်လို့ ကျွန်တော်တို့ ဒီလိုပဲလေ့လာသုံးသပ် ရရှိပါတယ်။

နောက်တစ်ခါ အပိုဒ် ၁၀ မှာ ဖော်ပြထားတဲ့ စကားရပ်တွေအစား ကျွန်တော်တို့ဒါ အသစ်ဖြည့်စွက်ခဲ့တာပါ။ ကျွန်တော်တို့ (ဠ)အနေနဲ့ တက္ကသိုလ်ကောင်စီ ဆိုသည်မှာ ပြင်ဆင်တဲ့ ဥပဒေ မှာတော့ တက္ကသိုလ်အုပ်ချုပ်ရေးကောင်စီလို့ သုံးခဲ့ပါတယ်၊ ကျွန်တော်တို့ကတော့ တက္ကသိုလ်ကောင်စီ ဆိုသည်မှာ သက်ဆိုင်ရာ တက္ကသိုလ်၏ ပါမောက္ခချုပ်၊ ဒုတိယ ပါမောက္ခချုပ်များ၊ ဘာသာရပ်ဆိုင်ရာ ပါမောက္ခများ၊ ဌာနမှူးများ၊ စီမံခန့်ခွဲရေးနှင့် ဘဏ္ဍာရေးဆိုင်ရာ တာဝန်ရှိသူများ၊ တက္ကသိုလ်ဆရာသမဂ္ဂ၏ ကိုယ်စားလှယ်၊ ကျောင်းသား သမဂ္ဂမှ အမည်စာရင်း တင်သွင်းသော ဘွဲ့ရပုဂ္ဂိုလ်များ၊ အများယုံကြည်လေးစားသည့် ပုဂ္ဂိုလ်များနဲ့ အမှီအခိုကင်းသော ပညာရှင်များ ပါဝင်၍ သက်ဆိုင်ရာ တက္ကသိုလ်ပန္နီညာဥ်အရ ဖွဲ့စည်းတဲ့ ကောင်စီကိုဆိုသည်လို့ ဒါကျွန်တော်တို့ ပြင်ဆင်ခဲ့ပါတယ်။ ဒီလိုအစားထိုး နိုင်ဖို့အတွက်လည်း ဒီမိုကရေစီပညာရေး လှုပ်ရှားမှုဦးဆောင် ကော်မတီနဲ့ ညှိနှိုင်းသဘောတူမှု ရရှိခဲ့တယ်ဆိုတာ ဒါ ရုပ်မြင်သံကြားက ထုတ်လွှင့်သွားတဲ့ အစီအစဉ်တွေမှာလည်း ဒါအားလုံးပဲ ပြည်သူများ မြင်တွေ့နိုင်ပါတယ်။

နောက်တစ်ချက်ကတော့ အမျိုးသားပညာရေးဥပဒေကို ပြင်ဆင်တဲ့ ဥပဒေကြမ်း အပိုဒ် ၁၃ မှာ ဖော်ပြထားတဲ့ စကားရပ်တွေကို အပိုဒ် ၁၁ အဖြစ် အောက်ဖော်ပြပါအတိုင်း အစားထိုးနိုင်ဖို့အတွက် ဒီမိုကရေစီ ပညာရေးလှုပ်ရှားမှု ဦးဆောင်ကော်မတီနဲ့ ညှိနှိုင်းသဘော တူညီမှုရရှိခဲ့ပါတယ်။ အပိုဒ် ၁၁ ကတော့ အမျိုးသားပညာရေးဥပဒေတွင် -

(က) ပုဒ်မ ၄၊ ပုဒ်မခွဲ(က)၏ အထက်တွင် ပုဒ်မခွဲ(က)၊ ပုဒ်မခွဲ(ခ)နဲ့ ပုဒ်မခွဲ(ဂ)တို့ အဖြစ် အောက်ပါအတိုင်း ဖြည့်စွက်ရမည် -

(က) နိုင်ငံတော်တွင် ဤဥပဒေနှင့် ပညာရေးဆိုင်ရာ အခြားဥပဒေများနှင့်အညီ ပညာရေး လွတ်လပ်ခွင့်ရှိရေး၊

( ခ ) ဝန်ကြီးဌာနနှင့် သက်ဆိုင်ရာဝန်ကြီးဌာနများသည် ပညာရေးမူဝါဒများ၊ ဆက်စပ်ဥပဒေများနှင့် နည်းဥပဒေများရေးဆွဲရာတွင် အမှီအခိုကင်းသော ပညာရှင်များ၊ ပညာရေးဆိုင်ရာ အရပ်ဘက်အဖွဲ့အစည်းများ၊ မိဘများ၊ ဆရာသမဂ္ဂ

ကိုယ်စားလှယ်များ၊ ကျောင်းသားသမဂ္ဂ ကိုယ်စားလှယ်များရဲ့ အကြံပြုချက်များကို ရယူဆောင်ရွက်ရေးလို့ ကျွန်တော် ဒီလို ပြင်ဆင်ခဲ့ပါတယ်။

နောက်အရေးကြီးတဲ့ အချက်တစ်ချက်ကတော့ အပိုဒ်ခွဲ(ဂ)အနေနဲ့ အဆင့်မြင့် ပညာကျောင်းများတွင် ဆရာသမဂ္ဂများနှင့် ကျောင်းသားသမဂ္ဂများကို သက်ဆိုင်ရာ တက္ကသိုလ် ပဋိညာဉ်နှင့်အညီ လွတ်လပ်စွာ ဖွဲ့စည်းတည်ထောင် လှုပ်ရှားခွင့်ရှိရေးလို့ ကျွန်တော်တို့ ပြင်ဆင်ခဲ့ပါတယ်။ အမျိုးသားပညာရေးဥပဒေကို ပြင်ဆင်တဲ့ ဥပဒေကြမ်းရဲ့ အပိုဒ် ၁၇ မှာ တွင်ဖော်ပြထားတဲ့ စကားရပ်တွေထဲကမှ ကျွန်တော်တို့ (ဎ) ကို အစားထိုးဖို့ကိုတော့ ဒီမိုကရေစီ ပညာရေးလှုပ်ရှားမှု ဦးဆောင် ကော်မတီ၊ မြန်မာ့အမျိုးသားရေးကွန်ရက်၊ နောက်တစ်ခါ လာရောက်အကြံပြုဆွေးနွေးခဲ့တဲ့ ဒေါ်ယုယုခိုင်၊ ဦးခင်မောင်လွင်ရဲ့ တင်ပြချက်တွေအပေါ်မှာ မူတည်ပြီးတော့ ကျွန်တော်တို့ ပြင်ဆင်ဖို့ တင်ပြလိုပါတယ်။ ပြင်ဆင်လိုတဲ့ အချက်ကတော့ -

(ဎ) တက္ကသိုလ်ဝင်ခွင့်အတွက် သင်ယူလိုသည့် ဘာသာရပ်နဲ့ တက္ကသိုလ်ကို သင်ယူသူကိုယ်တိုင်ရွေးချယ် လျှောက်ထားခွင့်ရှိပြီး တက္ကသိုလ်ဝင်ခွင့်သည် အခြေခံပညာအထက်တန်းစာမေးပွဲ ရမှတ်ဖြင့်သာ ဆုံးဖြတ်ခြင်းမဟုတ်ဘဲ တက်ရောက်မည့် တက္ကသိုလ်၏ လိုအပ်ချက်အရ စိစစ်ရွေးချယ်သည့်စနစ်ထားရှိရေး လို့ပြင်ဆင်ဖို့အတွက် ကျွန်တော်တို့ အကြံပြုသဘောတူညီ ညှိနှိုင်းချက်များအရ ဒီလို ပြင်ဆင်ဖို့ သဘောတူညီမှု ရရှိခဲ့ပါတယ်လို့ ပထမအပိုင်းအနေနဲ့ တင်ပြလိုပါတယ် ခင်ဗျာ။

လေးစားအပ်ပါသော အမျိုးသားလွှတ်တော်ဥက္ကဋ္ဌကြီးခင်ဗျား။ ဒုတိယပိုင်း ဥပဒေကြမ်းရဲ့ အစီရင်ခံစာကိုတော့ ကျွန်တော်တို့ အမျိုးသားလွှတ်တော် ဥပဒေကြမ်းကော်မတီ ဥက္ကဋ္ဌ ဆရာကြီး ဦးခင်မောင်ရီ ကနေပြီးတော့ ဆက်လက်တင်ပြသွားမှာ ဖြစ်ပါတယ်ခင်ဗျား။ အားလုံးကို ကျေးဇူးတင်ပါတယ်။

**အချိန်၊ ၁၄း၃၇။**

**ဦးခင်မောင်ရီ( ဥက္ကဋ္ဌ၊ ဥပဒေကြမ်းကော်မတီ)**။ ။ လေးစားအပ်ပါသော အမျိုးသားလွှတ်တော် ဥက္ကဋ္ဌကြီး ခင်ဗျာ။ ဥက္ကဋ္ဌကြီးအား အမှူးထား၍ ပြည်ထောင်စုဝန်ကြီး၊ ကော်မရှင်အဖွဲ့ဝင် ပညာရှင်များနှင့် လွှတ်တော်ကိုယ်စားလှယ်တော်ကြီးများအားလုံးကို လေးစားစွာ ဂါရဝပြုပါကြောင်း ကျွန်တော် နှုတ်ခွန်းဆက်သအပ်ပါတယ်။ ကျွန်တော့်အနေနဲ့ လေ့လာတွေ့ရှိချက် အပိုဒ် ၁၁၊(င) ကစပြီး ဆက်လက် ဖတ်ပြမှာဖြစ်ပါတယ်။

(င) အမျိုးသားပညာရေး ဥပဒေကို ပြင်ဆင်သည့် ဥပဒေကြမ်း၏ အခန်း(၄)ကို အောက်ပါအတိုင်း ပြင်ဆင်အစားထိုးရန်အတွက် နိုင်ငံရေးပါတီအများစု၊ အကြံပြု ဆွေးနွေးသူအများစု၊ ဒီမိုကရေစီပညာရေးလှုပ်ရှားမှု ဦးဆောင်ကော်မတီတို့နှင့် ညှိနှိုင်းသဘောတူညီမှု ရရှိခဲ့ပါသည်။

အခန်း(၄)

အခန်းခေါင်းစဉ်

အမျိုးသားပညာရေးမူဝါဒ ကော်မရှင် ဖွဲ့စည်းခြင်း၊ တာဝန်နှင့် လုပ်ပိုင်ခွင့်များ

၅။ (က) အစိုးရအဖွဲ့သည် ပြည်ထောင်စုလွှတ်တော်၏ တည်ပြုချက်ဖြင့်အမျိုးသားပညာရေး မူဝါဒရေးရာကော်မရှင်ကို အောက်ပါအတိုင်း ဖွဲ့စည်းရမည် -

( ၁ ) အစိုးရအဖွဲ့က ရွေးချယ်အဆိုပြုသည့် နိုင်ငံ့ဝန်ထမ်းမဟုတ်သောပညာရှင်(၂)ဦး၊

( ၂ ) ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌက ရွေးချယ်ပေးသော ပညာရှင်(၁)ဦး၊

( ၃ ) အမျိုးသားလွှတ်တော်ဥက္ကဋ္ဌက ရွေးချယ်ပေးသော ပညာရှင် (၁) ဦး၊

( ၄ ) ဝန်ကြီးဌာန၏ ကိုယ်စားလှယ်(၂)ဦး၊

( ၅ ) ဆရာသမဂ္ဂများကညှိနှိုင်းရွေးချယ်သော နိုင်ငံ့ဝန်ထမ်းမဟုတ်သည့် ပညာရှင် (၂)ဦး၊

( ၆ ) ကျောင်းသားသမဂ္ဂများကညှိနှိုင်း ရွေးချယ်သော နိုင်ငံ့ဝန်ထမ်းမဟုတ်သည့် ပညာရှင် (၂)ဦး၊

( ၇ ) အခြေခံပညာရေးကဏ္ဍမှ ပညာရှင်(၂)ဦး၊

( ၈ ) အဆင့်မြင့်ပညာရေးကဏ္ဍမှ ပညာရှင် (၅)ဦး၊

( ၉ ) နည်းပညာနှင့် အသက်မွေးပညာရေးကဏ္ဍမှ ပညာရှင် (၂)ဦး၊

(၁၀) ဆရာအတတ်သင်ပညာရေးကဏ္ဍမှ ပညာရှင်(၂)ဦး၊

(၁၁) လူတိုင်းအကျုံးဝင်ပညာရေး ကဏ္ဍမှ ပညာရှင် (၁)ဦး၊

(၁၂) သင်ရိုးညွှန်းတမ်း ပညာရှင်(၁)ဦး၊

(၁၃) ဥပဒေပညာရှင် (၁)ဦး ဆိုပြီးတော့ ပါရှိပါတယ်။

( ခ ) ကော်မရှင်၏ ဥက္ကဋ္ဌနှင့် ဒုတိယဥက္ကဋ္ဌတို့ကို ကော်မရှင်က ရွေးကောက်တင်မြှောက်ရမည်။ Independence Body ဖြစ်ကြောင်းမဲနဲ့ဆုံးဖြတ်မှာဖြစ်ပါတယ်။

( ဂ ) ကော်မရှင်၏ အတွင်းရေးမှူးနှင့် တွဲဖက်အတွင်းရေးမှူးတို့၏ တာဝန်ကို ဝန်ကြီးဌာနမှ ကိုယ်စားလှယ်များအား ပေးအပ်၍ ကော်မရှင်၏ ရုံးလုပ်ငန်းတာဝန်ကို ဆောင်ရွက်စေရမည်။ ဆိုလိုတာ ပညာရေးဝန်ကြီးဌာနက ပို့တဲ့ ကိုယ်စားလှယ်ဟာ ကော်မတီထဲမှာ ရုံးကိုကြီးမှူးရန် ဖြစ်ပါတယ်။ ရုံးလုပ်ငန်း Staff Duty ဖြစ်ပါတယ်။

(ဃ) အစိုးရအဖွဲ့သည် လိုအပ်ပါက ကော်မရှင်ကို ပြည်ထောင်စုလွှတ်တော်၏ သဘောတူညီချက်ဖြင့် ပြင်ဆင်ဖွဲ့စည်းနိုင်သည်။

၆။ ကော်မရှင်၏ တာဝန်နှင့် လုပ်ပိုင်ခွင့်များမှာ အောက်ပါအတိုင်းဖြစ်သည် -

(က) အမျိုးသားပညာရေးရည်မှန်းချက်များနှင့် ပညာရေးဆိုင်ရာမူဝါဒများ ချမှတ်ခြင်း၊

( ခ ) အမျိုးသားပညာရေး ရည်မှန်းချက်များ အကောင်အထည်ဖော်ဆောင်ရွက်နိုင်ရန် လိုအပ်သော အမျိုးသားသင်ရိုးညွှန်းတမ်း ရေးဆွဲရေးကော်မတီ၊ အမျိုးသားပညာရေး အဆင့်အတန်းနှင့် အရည်အသွေး အာမခံမှု အကဲဖြတ်ရေးကော်မတီ၊ အဆင့်မြင့်

ပညာ ပေါင်းစပ်ညှိနှိုင်းရေးကော်မတီနှင့် အခြားလိုအပ်သော အဖွဲ့များ ဖွဲ့စည်းတာဝန်ပေးအပ်ခြင်း၊

(ဂ) ပညာရေးစနစ်နှင့် ပညာရေးဆိုင်ရာ မူဝါဒများ၊ ပညာရေးဆိုင်ရာ စီမံကိန်းများ အကောင်အထည်ဖော်မှုအပေါ် အကဲဖြတ်သုံးသပ်ခြင်းနှင့် အကြံပြုခြင်း၊

(ဃ) အရည်အသွေး အာမခံမှု စံချိန်စံညွှန်းများ သတ်မှတ်နိုင်ရန် မူဝါဒများ ချမှတ်ခြင်းနှင့် လမ်းညွှန်ခြင်း၊

(င) ပညာရေးကဏ္ဍအတွက် အစိုးရအဖွဲ့၊ ဒေသဆိုင်ရာ အုပ်ချုပ်ရေးအဖွဲ့များထံမှ ငွေကြေးနှင့် အထောက်အပံ့များ ရရှိရန် ညှိနှိုင်းဆောင်ရွက်ခြင်း၊

(စ) ပညာရေးကဏ္ဍအတွက် ပြည်တွင်း၊ ပြည်ပမှငွေကြေးနှင့် အထောက်အပံ့များ ရယူသုံးစွဲနိုင်ရန် အလို့ငှာ မူဝါဒချမှတ်ခြင်း၊

(ဆ) ကျောင်းများ ဖွင့်လှစ်ခြင်း၊ ဖွင့်လှစ်ခွင့် ရပ်ဆိုင်းခြင်းနှင့် ပိတ်သိမ်းခြင်းဆိုင်ရာ မူဝါဒများ ချမှတ်ခြင်း၊

(ဇ) ဝန်ကြီးဌာနနှင့် သက်ဆိုင်ရာဝန်ကြီးဌာနများက ပြုစုတင်ပြသော ပညာရေးဆိုင်ရာ စီမံကိန်းများနှင့် စပ်လျဉ်း၍ ပေါင်းစပ်ညှိနှိုင်းပေးခြင်းဆိုတဲ့ စီမံခန့်ခွဲရေး လုံးဝမပါသော မူဝါဒဆိုင်ရာ တာဝန်များ သက်သက်ဖြစ်ပါကြောင်း တင်ပြအပ်ပါတယ်။

၇။ ကော်မရှင်သည် တက္ကသိုလ်၊ ဒီဂရီကောလိပ်၊ ကောလိပ်နှင့် သိပ္ပံများ၏ လွတ်လပ်သော ကိုယ်ပိုင်စီမံခန့်ခွဲမှုကို မထိခိုက်စေဘဲ မူဝါဒဆိုင်ရာ ကိစ္စရပ်များတွင်သာ ပေါင်းစပ်ဖြည့်ဆည်း ပေးခြင်းဖြင့် ယင်းတို့၏ ဖွံ့ဖြိုးတိုးတက်မှုကို အထောက်အကူပြုရမည်။

၈။ နိုင်ငံ့ဝန်ထမ်းမဟုတ်သော ကော်မရှင်အဖွဲ့ဝင်များ၏ ချီးမြှင့်ငွေနှင့်စရိတ်ကို အစိုးရအဖွဲ့က သတ်မှတ်ပေးရမည်။

၉။ ကော်မရှင်နှင့် စပ်လျဉ်းသည့် ရုံးလုပ်ငန်းတာဝန်များကို ဝန်ကြီးဌာနက စီစဉ်ဆောင်ရွက်ပေးရမည်။

၁၀။ ကော်မရှင်နှင့် စပ်လျဉ်းသည့် ကုန်ကျစရိတ်များကို ဝန်ကြီးဌာန၏ ဘဏ္ဍာရန်ပုံငွေမှ ကျခံစေရမည်။

ဒီနေရာမှာ ဥက္ကဋ္ဌကြီးခင်ဗျား။ သီးခြားတင်ပြရန် အချက်က ဒီပြင်ဆင်တဲ့ ဥပဒေကြမ်းမှာပါတဲ့ အခန်း(၄)ကို ယခုကဲ့သို့ အစားထိုးလိုက်ပါတယ်။ အဆိုပြုထားတဲ့ ဥပဒေကြမ်းမှာပါတဲ့ အခန်း(၄) မှာ ပါဝင်ခဲ့တဲ့ ယခင်ပြဋ္ဌာန်းချက်များ အပိုဒ်၊ အပိုဒ်ခွဲ(၃၄)ချက်ရှိပါတယ်။ အဲဒီထဲက အပိုဒ် ၂၀ ဟာ အချက် ၂၀ ဟာ သင့်လျော်အပ်စပ်မှုရှိတဲ့အတွက်ကြောင့် ကျန်ဆီလျော်ရာအခန်းများမှာ ကျွန်တော်တို့ ပြောင်းရွှေ့၍ ဆီလျော်သလို ပြန်လည်ထည့်သွင်းထားအပ်ပါကြောင်း တင်ပြအပ်ပါတယ်။ အခန်းနဲ့ အတိအကျ ပြောရရင် အခန်း(၅)မှာ (၂)ချက်၊ အခန်း(၇)မှာ (၉)ချက်၊ အခန်း(၈)မှာ (၃)ချက် နဲ့ အခန်း(၉)မှာ (၆)ချက်မိုလို့ အချက်(၂၀)ပြန်လည်ပါဝင်ကြောင်း တင်ပြအပ်ပါတယ်။ ကျန်အချက်တွေကတော့ ထပ်တာတွေနဲ့ မလိုတာတွေ ဖြစ်ပါတယ်။ အစီရင်ခံစာ ၁၁ ရဲ့ အပိုဒ်ခွဲ(စ)ဖြစ်ပါတယ်။

(စ) အမျိုးသားပညာရေး ဥပဒေကို ပြင်ဆင်သည့် ဥပဒေကြမ်း အပိုဒ် ၂၃ ကို အပိုဒ် ၁၃ အဖြစ် ပြင်ဆင်ပြီး ယင်းတွင်ဖော်ပြထားသော စကားရပ်များအစား ပုဒ်မခွဲ(က) ပါ ပညာရေးအဆင့် တစ်ခုပြီးမြောက်မှုအတွက် သင်ယူတတ်မြောက်မှုအဆင့်ကို စစ်ဆေး အကဲဖြတ်ခြင်းနှင့် စပ်လျဉ်း၍ နည်းဥပဒေများ ပြဋ္ဌာန်းရမည်ဟု ဒီမိုကရေစီ ပညာရေး လှုပ်ရှားမှု ဦးဆောင်ကော်မတီ၊ ဦးထိန်လင်း တို့နှင့် ညှိနှိုင်းသဘောတူညီမှု ရရှိခဲ့ပြီး အပိုဒ် ၂၄ ကို အပိုဒ် ၁၄အဖြစ် ပြင်ဆင်ပြီး ယင်းတွင် ဖော်ပြထားသော စကားရပ်များ အစား အခမဲ့မသင်မနေရ မူလတန်းပညာရေးကို အကောင်အထည် ဖော်ဆောင်ပြီး အဆင့်ဆင့် တိုးချဲ့ဆောင်ရွက်ရမည် ဟု အမျိုးသားနိုင်ငံရေး မဟာမိတ်များ အဖွဲ့ချုပ်၊ ဒီမိုကရေစီနှင့် ငြိမ်းချမ်းရေးပါတီ၊ တိုင်းရင်းသားစည်းလုံးညီညွတ်ရေးပါတီ၊ ရခိုင် သဟာရအသင်း၊ ဦးဇော်ဖေဝင်း၊ ဒေါ်ယုယုခိုင်၊ ဦးဝင်းမြင့်မောင်၊ ဦးဟန်ညွန့်တို့နှင့် ညှိနှိုင်းသဘောတူညီချက် ရရှိခဲ့ပါသည်။ ဒါဟာ ကျွန်တော်တို့ အခြေခံဥပဒေနဲ့ လိုက်လျောညီထွေရှိအောင် ရေးသားခြင်း ဖြစ်ပါတယ်။

(ဆ) အမျိုးသားပညာရေးဥပဒေကို ပြင်ဆင်သည့် ဥပဒေကြမ်း အပိုဒ် ၄၃ ကို အပိုဒ် ၂၉ ဟု ပြင်ဆင်ပြီး အောက်ပါအတိုင်း အစားထိုးသင့်ကြောင်းကို ဒီမိုကရေစီ ပညာရေး လှုပ်ရှားမှု ဦးဆောင်ကော်မတီနှင့် ညှိနှိုင်းသဘောတူညီချက် ရရှိခဲ့ပါသည် -

၂၉။ အမျိုးသားပညာရေး ဥပဒေ ပုဒ်မ ၄၀ ကို အောက်ပါအတိုင်း အစားထိုး ရမည် -

၄၀။ (က) ကော်မရှင်သည် အမျိုးသားသင်ရိုးညွှန်းတမ်း ရေးဆွဲရေး ကော်မတီကို အောက်ပါအတိုင်း ဖွဲ့စည်းရမည်၊ စောစောက မူဝါဒ ကော်မရှင်က ဖွဲ့မှာ ဖြစ်ပါတယ် -

(ကက) ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌ က ရွေးချယ်ပေးသည့် ပညာရှင်(၂)ဦး၊

(ခခ) အမျိုးသားလွှတ်တော်ဥက္ကဋ္ဌက ရွေးချယ်ပေးသည့် ပညာရှင်(၂)ဦး၊

(ဂဂ) ပညာရေးဝန်ကြီးဌာန က ဘာသာရပ်အလိုက် ခန့်အပ်သော ပညာရှင်များ၊

(ဃဃ) ပညာရပ်ဆိုင်ရာ အမျိုးသားအဆင့် အဖွဲ့အစည်း များက ရွေးချယ်ပေးသည့် ပညာရှင်များ၊

(ငင) သင်ရိုးညွှန်းတမ်း ပညာရှင်များ၊

(စစ) ဆရာသမဂ္ဂများက ညှိနှိုင်းရွေးချယ်သော အမှီအခို ကင်းသည့် ပညာရှင်(၂)ဦး၊

(ဆဆ) ကျောင်းသားသမဂ္ဂများက ညှိနှိုင်းရွေးချယ်သော အမှီအခိုကင်းသည့် ပညာရှင်(၂)ဦး။

(၉) အမျိုးသားပညာရေးဥပဒေကို ပြင်ဆင်သည့် ဥပဒေကြမ်း အပိုဒ် ၅၅ ကို အပိုဒ် ၄၀ ဟု ပြင်ဆင်ပြီး အောက်ပါအတိုင်း အစားထိုးသင့်ကြောင်းကို ဒီမိုကရေစီပညာရေး ဦးဆောင်လှုပ်ရှားမှုကော်မတီ၊ တိုင်းရင်းသား စည်းလုံး ညီညွတ်ရေးပါတီ၊ ပညာရေး ပြုပြင်ပြောင်းလဲရေး နိုင်ငံလုံးဆိုင်ရာ ကွန်ရက်၊ စစ်ကိုင်းတိုင်းဒေသကြီး လူငယ် ကွန်ရက်၊ ရခိုင်သဟာရအသင်း၊ ဒေါက်တာသန်းဦး တို့နှင့် ညှိနှိုင်းသဘောတူညီမှု ရရှိခဲ့ပါသည် -

၄၀။ အမျိုးသားပညာရေး ဥပဒေ ပုဒ်မ ၅၁ နှင့် ပုဒ်မ ၅၂ တို့ကို အောက်ပါ အတိုင်း အစားထိုးရမည် -

၅၁။ မူကြိုပညာရေး၊ အခြေခံပညာရေး၊ နည်းပညာနှင့် သက်မွေးပညာရေး၊ ဆရာအတတ်သင်ပညာရေး၊ အဆင့်မြင့်ပညာရေးနှင့် သင်တန်းကျောင်း အသီးသီးမှ ဆရာများ၏ အဆင့်နှင့် သင့်လျော်သော အရည်အချင်း များ၊ တာဝန်နှင့် အခွင့်အရေးများကို သီးခြားသတ်မှတ်၍ ပြဋ္ဌာန်း ရမည်။ သက်ဆိုင်ရာ ဆက်စပ်ဥပဒေများမှာ ပါလာမှာ ဖြစ်ပါတယ်။

၅၂။ ဝန်ကြီးဌာနနှင့် သက်ဆိုင်ရာ ဝန်ကြီးဌာနများသည် ဆရာများ၏ အရည်အသွေး မြင့်မားစေရေးနှင့် နိုင်ငံတကာ အတွေ့အကြုံ ရရှိ စေရေးတို့ အတွက် စီမံဆောင်ရွက် ပေးရမည်။

(၈) အမျိုးသားပညာရေး ဥပဒေကို ပြင်ဆင်သည့် ဥပဒေကြမ်း အပိုဒ် ၅၈ ကို အပိုဒ် ၄၃ ဟု ပြင်ဆင်ပြီး အောက်ပါအတိုင်း အစားထိုးသင့်ကြောင်းကို ဒီမိုကရေစီပညာရေး လှုပ်ရှားမှုဦးဆောင်ကော်မတီ၊ ကမန်အမျိုးသား တိုးတက်ရေးပါတီ၊ အမျိုးသား တိုးတက်မြင့်မားရေးပါတီ၊ ပညာရေးစနစ် ပြုပြင်ပြောင်းလဲရေး နိုင်ငံလုံးဆိုင်ရာ ကွန်ရက်၊ ဒေါက်တာသန်းဦး တို့နှင့် ညှိနှိုင်းသဘောတူညီခဲ့ကြပါသည် -

၄၃။ အမျိုးသားပညာရေးဥပဒေပုဒ်မ ၅၅ ကို အောက်ပါအတိုင်း အစာထိုးရမည် -

၅၅။(က) ကော်မရှင်သည် အမျိုးသားပညာရည် အဆင့်အတန်းနှင့် အရည်အသွေး အာမခံမှုကော်မတီကို အောက်ပါအတိုင်း ဖွဲ့စည်းရမည် -

(ကက) ပြည်သူ့လွှတ်တော် ဥက္ကဋ္ဌက ရွေးချယ်ပေးသည့် ပညာရှင်(၂)ဦး၊

(ခခ) အမျိုးသားလွှတ်တော် ဥက္ကဋ္ဌ က ရွေးချယ်ပေးသည့် ပညာရှင်(၂)ဦး၊

(ဂဂ) ဝန်ကြီးဌာနက ဘာသာရပ်အလိုက် ခန့်အပ်သော ပညာရှင်များ၊

(ဃဃ) ပညာရပ်ဆိုင်ရာ အမျိုးသားအဆင့် အဖွဲ့အစည်းများက ရွေးချယ်ပေးသည့် ပညာရှင်များ၊

(ငင) သင်ရိုးညွှန်းတမ်းပညာရှင်များ၊

(စစ) ဆရာသမဂ္ဂများက ညှိနှိုင်းရွေးချယ်သော အမှီအခိုကင်းသည့် ပညာရှင်(၂)ဦး၊

(ဆဆ) ကျောင်းသားသမဂ္ဂများက ညှိနှိုင်းရွေးချယ်သောအမှီအခိုကင်းသည့် ပညာရှင်(၂)ဦး။

(ည) အမျိုးသားပညာရေး ဥပဒေကို ပြင်ဆင်သည့် ဥပဒေကြမ်း အပိုဒ် ၆၅၊ အပိုဒ်ခွဲ(က)ကို အပိုဒ် ၅၀၊ အပိုဒ်ခွဲ (က) အဖြစ် ပြောင်းလဲအမှတ်စဉ်ပြီး ယင်းတွင် ဖော်ပြထားသော စကားရပ် များအစား နိုင်ငံ၏ ပညာရေးအသုံးစရိတ်ကို ငါးနှစ်အတွင်း တစ်နိုင်ငံလုံး အသုံးစရိတ်၏ နှစ်ဆယ်ရာခိုင်နှုန်းအထိ တိုးမြှင့်သုံးစွဲသွားနိုင်ရန် ရည်မှန်းဆောင်ရွက်ရမည်ဟု အစားထိုးပြင်ဆင်ရန် ဒီမိုကရေစီပညာရေးလှုပ်ရှားမှု ဦးဆောင်ကော်မတီ၊ ရခိုင်အမျိုးသားပါတီ၊ အမျိုးသား ဒီမိုကရေစီအင်အားစု ပါတီ၊ မြန်မာနိုင်ငံ တောင်သူလယ်သမား ဖွံ့ဖြိုးရေးပါတီ၊ ကရင်ပြည်နယ် ဒီမိုကရေစီနှင့် ဖွံ့ဖြိုးတိုးတက်ရေး ပါတီတို့နှင့် ညှိနှိုင်းသဘောတူညီမှု ရရှိခဲ့ပါသည်။

(ဋ) အမျိုးသားပညာရေးဥပဒေကို ပြင်ဆင်သည့်ဥပဒေကြမ်း အပိုဒ် ၄ ကို ဒီမိုကရေစီပညာရေး လှုပ်ရှားမှုဦးဆောင်ကော်မတီနှင့် ချင်းဒီမိုကရေစီပါတီတို့က လည်းကောင်း၊ အပိုဒ် ၉ ကို မတူကွဲပြားခြင်းနှင့် ငြိမ်းချမ်းရေးပါတီ၊ ဦးခင်မောင်လွင်၊ ဦးထိန်လင်းတို့က လည်းကောင်း၊ အပိုဒ် ၁၃၊ အပိုဒ်ခွဲ(ခ) ကို ဒေါ်ခင်ခင်ဆက်၊ ဦးခင်မောင်လွင်၊ ဦးထိန်လင်းတို့က လည်းကောင်း၊ အပိုဒ် ၂၈ ကို ဒီမိုကရေစီပညာရေး လှုပ်ရှားမှု ဦးဆောင်ကော်မတီနှင့် ဦးထိန်လင်းတို့ကလည်းကောင်း၊ အပိုဒ် ၃၆ ကို ဒီမိုကရေစီပညာရေးလှုပ်ရှားမှု ဦးဆောင်ကော်မတီ၊ ရခိုင်သဟာရအသင်း၊ စစ်ကိုင်းတိုင်းဒေသကြီး လူငယ်ကွန်ရက်၊ ဒေါက်တာသန်းဦး တို့ကလည်းကောင်း မလိုအပ်၍ ပယ်ဖျက်သင့်ကြောင်းကို ညှိနှိုင်းသဘောတူညီခဲ့ကြပါသည်။

ကော်မတီ၏သဘောထားမှတ်ချက်

၁၂။ အမျိုးသားလွှတ်တော်၊ ဥပဒေကြမ်းကော်မတီသည် အမျိုးသားလွှတ်တော် နိုင်ငံရေး၊ စီးပွားရေးနှင့် ဥပဒေရေးရာကော်မရှင်နှင့်အတူ ဤဥပဒေကြမ်း ကြားနာမှုအစီအစဉ်တွင် တက်ရောက်ဆွေးနွေးခဲ့သည့် ဒီမိုကရေစီပညာရေး လှုပ်ရှားမှု ဦးဆောင်ကော်မတီဝင် ကျောင်းသားကိုယ်စားလှယ် (၉)ဦး၊ ပညာရေးစနစ် ပြုပြင်ပြောင်းလဲရေး နိုင်ငံလုံးဆိုင်ရာကွန်ရက် (NNER) မှ ပုဂ္ဂိုလ်(၂၀)ဦး၊ နိုင်ငံရေးပါတီများမှ ကိုယ်စားလှယ်(၃၄)ဦး၊ ကျောင်းသားလှုပ်ရှားမှုစစ်ကြောင်းများကို ကူညီ ပံ့ပိုးပေးခဲ့ကြသော ပြည်သူ/အဖွဲ့အစည်းများမှ(၄)ဦး၊ အရပ်ဘက်ဆိုင်ရာ အဖွဲ့အစည်းများမှ ကိုယ်စားလှယ်(၄)ဦးနှင့်

အကြံပြုစာ ပေးပို့ခဲ့ကြသော ပြည်သူများထဲမှ (၁၅)ဦးတို့၏ အကြံပြုဆွေးနွေးချက်များ၊ ပြည်သူတို့ထံမှ အကြံပြုစာများကို စိစစ်သုံးသပ်ခဲ့ကြပါသည်။ ထိုသို့သုံးသပ်ရာ၌ ဘက်စုံ ထောင်စုံမှ သုံးသပ်သည့်အပြင် ဒီမိုကရေစီပညာရေး လှုပ်ရှားမှု ဦးဆောင်ကော်မတီဝင် ကျောင်းသားကိုယ်စားလှယ်များ၏ လေးပွင့်ဆိုင် အစည်းအဝေး၌ တင်ပြအတည်ပြုထားသည့် တောင်းဆိုချက်(၁၁)ချက်၊ ပြင်ဆင်သည့် ဥပဒေကြမ်းပါ အပိုဒ်၊ အပိုဒ်ခွဲတစ်ခုချင်းအပေါ် ၄င်းကျောင်းသား ကိုယ်စားလှယ်များ၏ တင်ပြချက်များကို အဓိက အခြေခံ၍ စဥ်းစားကာ အချက်ပေါင်း(၈၁)ချက် ရှိပါတယ်။ အားလုံးက တိုက်ရိုက်လက်ခံသင့်သည့် ပြဋ္ဌာန်းချက်က (၃၈)ချက် ရှိပါတယ်။ မူရင်းဥပဒေကို အနှစ်သာရ မပျက်စေဘဲနဲ့ ဥပဒေ ရေးထုံးနှင့်အညီ ပြုပြင်ရေးသားသင့်တဲ့ ပြဋ္ဌာန်းချက်များနဲ့ စကားရပ် အစားထိုး ပြင်ဆင်ရေးသားသင့်တဲ့ ပြဋ္ဌာန်းချက်က (၂၄)ချက် ရှိပါတယ်။ ဖွဲ့စည်းပုံအခြေခံဥပဒေနှင့် တည်ဆဲဥပဒေများပါ ပြဋ္ဌာန်းချက်များနှင့် မညီညွတ်တဲ့ အပြင် လိုအပ်ခြင်းလည်း မရှိဘူး ထပ်ကာ ထပ်ကာ ပါနေတဲ့ ပြဋ္ဌာန်းချက် ပေါင်း(၁၉)ချက် စသဖြင့် ကဏ္ဍခွဲခြား ရရှိခဲ့ပါတယ်။

၁၃။ အထက်ပါ ခွဲခြားရရှိသည့်အတိုင်း လိုအပ်သလို ပြင်ဆင်ဖြည့်စွက်ချက်များ ဆောင်ရွက်ပြီး ပြင်ဆင်သည့် ဥပဒေကြမ်းပါ ပြဋ္ဌာန်းချက်များနှင့် ဥပဒေကြမ်းကော်မတီ၏ ပြင်ဆင်ရန် တင်ပြချက် အပြည့်အစုံကို ကန့်လန့်ဖြတ်ဇယားဖြင့်ပြုစု၍ ဤအစီရင်ခံစာနှင့်အတူ ပူးတွဲတင်ပြအပ်ပါသည်။

၁၄။ နိုင်ငံတော်၏ အနာဂတ်ပညာရေး အဆင့်မြင့်မားရေးအတွက် အမျိုးသားပညာရေး အမြင်ဖြင့် ရှုမြင်သုံးသပ်၍ ပညာရေးဝန်ကြီးဌာန၊ ပြည်ထောင်စုဝန်ကြီး အဆိုပြုတင်သွင်းခဲ့သည့် အမျိုးသား ပညာရေးဥပဒေကို ပြင်ဆင်သည့် ဥပဒေကြမ်းကို အမျိုးသားလွှတ်တော်မှ လက်ခံဆွေးနွေးသင့်ပါ ကြောင်းနှင့် အမျိုးသားလွှတ်တော်ဆိုင်ရာဥပဒေ၊ နည်းဥပဒေများနှင့်အညီ ဥပဒေပြုလုပ်ငန်းစဥ် အဆင့်ဆင့်ကို ဆက်လက်ဆောင်ရွက်သင့်ပါကြောင်း လေးစားစွာ အစီရင်ခံတင်ပြအပ်ပါသည်။

အမျိုးသားလွှတ်တော်၊ ဥပဒေကြမ်းကော်မတီ

**ဥက္ကဋ္ဌ**။ ။ စာမျက်နှာ(၅) တက္ကသိုလ်ကောင်စီ မူလက တက္ကသိုလ် အထူးပြုကောင်စီကို အသစ် ဆိုလို့ရှိရင် အဓိပ္ပာယ်ဖွင့်ဆိုချက်မှာ ပြန်လည်ပြီးတော့ ပြင်ဆင်ချက် ထည့်သွင်းဖို့ လို/မလို ပြန်ကြည့်ပါ။ ဟုတ်ပြီနော်။ နောက်တစ်ခုကတော့ ရတယ်နော်။ စာမျက်နှာ(၈) အောက်ဆုံးက အမျိုးသား ပညာရေး ဥပဒေကို ပြင်ဆင်သည့် ဥပဒေကြမ်း အပိုဒ် ၂၃ ကို အပိုဒ် ၁၃ အဖြစ် ပြင်ဆင်ပြီး ယင်းတွင် ဖော်ပြထားသော စကားရပ်များအစား ပုဒ်မခွဲ(က)ပါ ပညာရေး အဆင့်တစ်ခု ပြီးမြောက်မှုအတွက် သင်ယူတတ်မြောက်မှုအဆင့်ကို စစ်ဆေးအကဲဖြတ်ခြင်းနှင့် စပ်လျဥ်း၍ နည်းဥပဒေများ ပြဋ္ဌာန်းရမည် ဆိုတာ နည်းဥပဒေက ဒီတစ်ခုတည်း ပြဋ္ဌာန်းရမှာ မဟုတ်တဲ့အတွက် နည်းဥပဒေများတွင် သတ်မှတ် ပြဋ္ဌာန်းရမည် ဆိုမှ ပြည့်စုံမယ့် သဘောရှိတယ်။ ဟုတ်ပြီနော် နည်းဥပဒေက ဒီတစ်ခုတည်း ပြဋ္ဌာန်းမှာ မဟုတ်ဘူး။ လိုအပ်တဲ့ အားလုံး နည်းဥပဒေ ပြဋ္ဌာန်းမှာ။

**အမျိုးသားလွှတ်တော်ဥက္ကဋ္ဌက အမျိုးသားပညာရေးဥပဒေကို ပြင်ဆင်သည့် ဥပဒေကြမ်းအား ဆွေးနွေးလိုသည့် လွှတ်တော်ကိုယ်စားလှယ်များရှိလျှင် အမည်စာရင်း တင်သွင်းနိုင်ကြောင်းကြေညာခြင်း**

**အချိန်၊ ၁၄း၅၁။**

**ဥက္ကဋ္ဌ။** ။ အမျိုးသားလွှတ်တော်ကိုယ်စားလှယ်များ ခင်ဗျား။ အမျိုးသားပညာရေး ဥပဒေကို ပြင်ဆင်သည့် ဥပဒေကြမ်း အား ဆွေးနွေးမယ့် လွှတ်တော်ကိုယ်စားလှယ်များ ဆွေးနွေးလိုတဲ့ အကြောင်းအရာ အကျဉ်းချုပ်ကို ဖော်ပြလက်မှတ်ရေးထိုးပြီး ၂၃-၃-၂၀၁၅ (တနင်္လာနေ့) ထက် နောက်မကျဘဲ အမျိုးသားလွှတ်တော်ရုံး၊ ညွှန်ကြားရေးမှူးချုပ်ထံ အမည်စာရင်း တင်သွင်းနိုင်ပါတယ်။

**အမျိုးသားလွှတ်တော်ဥက္ကဋ္ဌက အမျိုးသားလွှတ်တော် (၃၁) ရက်မြောက်နေ့ အစည်းအဝေး ရပ်နားကြောင်းနှင့် (၃၂) ရက်မြောက်နေ့ အစည်းအဝေး ဆက်လက်ကျင်းပမည့် နေ့ရက်နှင့်အချိန်ကို ကြေညာခြင်း**

**အချိန်၊ ၁၄း၅၂။**

**ဥက္ကဋ္ဌ။** ။ အမျိုးသားလွှတ်တော်ကိုယ်စားလှယ်များခင်ဗျား။ ယခု အမျိုးသားလွှတ်တော် (၁၂)ကြိမ်မြောက် ပုံမှန်အစည်းအဝေး (၃၁)ရက်မြောက်နေ့ကို ရပ်နားပါမယ်။ ပထမအကြိမ် အမျိုးသားလွှတ်တော် (၁၂)ကြိမ်မြောက် ပုံမှန်အစည်းအဝေး (၃၂)ရက်မြောက်နေ့ကို ၂၀၁၅ ခုနှစ်၊ မတ်လ ၂၃ ရက် (တနင်္လာနေ့) နံနက် ၁၀း၀၀ နာရီအချိန်မှာ ဆက်လက်ကျင်းပမည် ဖြစ်ကြောင်း ကြေညာပါတယ်။

**အခမ်းအနားမှူး။** ။ အမျိုးသားလွှတ်တော် ဥက္ကဋ္ဌ ပြန်လည်ထွက်ခွာပါပြီခင်ဗျား။

**အခမ်းအနားမှူး။** ။ အားလုံး ထွက်ခွာနိုင်ကြပါပြီခင်ဗျား။

[ပထမအကြိမ် အမျိုးသားလွှတ်တော် (၁၂)ကြိမ်မြောက် ပုံမှန်အစည်းအဝေး (၃၁)ရက်မြောက်နေ့ကို ၁၄း၅၃ နာရီအချိန်တွင် ရပ်နားပါသည်။]